မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၅ ရက်၊ သောကြာနေ့၊ အတွဲ (၉၅)၊ အမှတ် (၂၁၄)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General, Helal Uddin Ahmed, PSC နှင့် စစ်သံမှူးအသစ်အဖြစ်တာဝန်ထမ်းဆောင်မည့် Brigadier General, ANM Shawkat Jamal, ndc, psc တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း
သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၅/၂၀၀၆)
၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၈ရက်
(၂၀၀၆ ခုနှစ်၊ မေလ ၄ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) ဆေးလိပ်ဆိုသည်မှာ ဆေးရွက်ကြီးထွက်ပစ္စည်းအား မီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ကို ရှူရှိုက်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် စီမံထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံနှင့် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၅ ရက်)

မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးကြိုးပမ်း

အဆိုးမြင်မီဒီယာများ၏ မဟုတ်မမှန်ထုတ်လွှင့်မှုကို တန်ပြန်ချေဖျက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အဓိကလိုအပ်ချက်သုံးရပ် ပြည့်စုံရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိသည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေး တည်ဆောက်နိုင်ခဲ့သဖြင့် နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်မှုများ ရရှိနေပြီဖြစ်သည်။ အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်းအမျိုးသားစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးကို စီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်နေသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ဦးတည်ချက်ရှိရှိ၊ အစီအစဉ်ရှိရှိ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း အမျိုးသားရေးအင်အားစုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်၍ ကျရာအခန်းကဏ္ဍက တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်နေသည်။

အသင်းဝင်များ၏ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် လက်တွေ့ကျကျ အကျိုးရှိရှိ အကောင်အထည်ဖော်နိုင်မှုများအပေါ် ပြည်သူလူထုက လက်ခံယုံကြည်ပြီး ပူးပေါင်းပါဝင်လာကြသည်မှာ ယခုအခါ အသင်းဝင်အင်အား နှစ်ဆယ့်သုံးသန်း တစ်သိန်းကျော် ရှိလာပြီ ဖြစ်သည်။

အသင်းဝင်များ အရေအတွက်သာမက အရည်အချင်းပါပြည့်ဝရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ကိုယ်ရည်ကိုယ်သွေး အရည်အချင်းကောင်းများဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်သည့် လူတော်များ၊ ကိုယ်ကျင့်တရား အကျင့်သိက္ခာ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများ၊ နိုင်ငံတော်အတွက် စွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်။

မီဒီယာလုပ်ငန်း စိတ်ဝင်စားပြီး အရည်အချင်းရှိသည့် အသင်းဝင်လူငယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းမှန်တင်ပြနိုင်ရေး၊ မီဒီယာထိုးစစ်များအပေါ် ပြန်လည်ချေပနိုင်ရေးရည်ရွယ်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ်(၅)ကို မေလ၂ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်၌ဖွင့်လှစ်ခဲ့သည်။

နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး ပြည်တွင်းပြည်ပ အဆိုးမြင် လက်တစ်ဆုပ်စာ မီဒီယာတချို့က မဟုတ်မမှန် ဝေဖန်ပြောဆိုရေးသားထုတ်လွှင့်ပြီး မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေမှုများကို အီလက်ထရွန်နစ် မီဒီယာ၊ အိုင်တီမီဒီယာ၊ ပုံနှိပ်မီဒီယာ၊ လူလူချင်းဆက်သွယ်မှု မီဒီယာများပေါင်းစပ်ပြီး တန်ပြန်ချေဖျက်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သတင်းစာပညာ သင်တန်းသားများ အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ခံယူ၍ ဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးကို တာဝန်သိသိ၊ သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရင်း ပြည်တွင်းပြည်ပ အဆိုးမြင်မီဒီယာများ၏ မဟုတ်မမှန်ရေးသား ထုတ်လွှင့်ပြီး ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နေမှုများကို မီဒီယာဖြင့် တန်ပြန်ချေဖျက်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀	၅။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၆။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၇။	မျိုးချစ်တပ်မတော်
၄း၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	Goals Show
	၁၉။	စိုက်ပျိုးသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၃၀)ဇာတ်သိမ်း

ဓမ္မဗျူဟာ၊ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်း

ရန်ကုန် မေ ၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၆၊ ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတွင် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို မေ၆ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက်၇နာရီမှ ညနေ၅နာရီအထိ သတ်မှတ်ထားသည့် သင်တန်းချိန်များအတိုင်း ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းများကို သင်တန်းမှူး ဓမ္မဗျူဟာဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးစီး၍ ဓမ္မဒါနပို့ချမည်ဖြစ်ရာ ဖုန်း-၃၈၀၈၈၀နှင့် ၀၉ ၅၁၄ ၃၉၂၆သို့ ဆက်သွယ်စုံစမ်းတက်ရောက် နိုင်သည်။ **(က-ပ)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

ပုဇွန်တောင်မြို့နယ် (၂၅)ကြိမ်မြောက် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို ဧပြီ၂၉ရက်က မြသိန်းတန်ပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ အကြီးတန်းအောင် အရှင်ကုသလ(မြသိန်းတန်)အား မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းက စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၂)

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မှိုင်းခံနှင့်ခရမ်းရော်ဘာ နမူနာများကြည့်ရှု

စပ်မျိုးစပါး အထူးအထွက်တိုး သုတေသနစိုက်ခင်းစစ်ဆေး

ရန်ကုန် မေ ၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဧပြီ ၂၉ရက် နံနက်ပိုင်းက လားရှိုးမြို့နယ် ဟူးမွန်ဆည်ရေသောက်ဒေသရှိ လူငယ့်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၏ ရော်ဘာဧက ၂၀၀၀ စိုက်ပျိုးရေးလုပ်ငန်းသို့ရောက်ရှိပြီး မှိုင်းခံရော်ဘာနှင့် ခရမ်းရော်ဘာ နမူနာများကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းဆောင်၌ ကုမ္ပဏီဒါရိုက်တာ ဦးမောင်မြင့်က ၁၉၉၄ခုနှစ်တွင် ကွမ်းလုံခရိုင်၌ ရော်ဘာစီးပွားဖြစ်စိုက်ပျိုးခဲ့ရာမှ အောင်မြင်ဖြစ်ထွန်းသဖြင့် ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဧက၂၀၀၀ တိုးချဲ့စိုက်ပျိုးနေမှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များပံ့ပိုးကူညီပေးကြပြီး တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အတူ ဖူးဆက်ရော်ဘာမျိုးသန့် ပျိုးပင်နှစ်သောင်းကျော် ပျိုးထောင်ထားမှုကို ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စပ်မျိုးစပါး အထူးအထွက်တိုးသုတေသနစိုက်ခင်း၌ ဖြစ်ထွန်းအောင်မြင်နေသော ဆန်မွှေးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းကူညီပေး

ထို့နောက် တိုင်းစစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ(၃) ဧက၁၀၀၀စိုက်ခင်းတွင် နှင်းနှင်းခိုင်ကုမ္ပဏီ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက်ရှိကြရာ ကုမ္ပဏီလုပ်ငန်းရှင် ဦးကျော်မြင့်က မျိုးသန့်စိုက်ခင်း စိုက်ပျိုးမှုကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က ခြံစည်းရိုးကြက်ဆူဧက၁၅၀ဖော်ထုတ်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးခင်မောင်မြင့်က အသင်းက စိုက်ပျိုးမည့် ကြက်ဆူရိုင်းပင်စိုက်ခင်း အခြေအနေကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

စိုက်ပျိုးပေး

ထို့နောက် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်ကြပြီး ဒေသခံများနှင့်အတူ ကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နှင်းနှင်းခိုင်ကုမ္ပဏီ၏ ပျားလိမ္မော်၊ နာနတ်စိုက်ခင်းကိုလည်းကောင်း၊ ကုန်းမြင့် ယာမြေ(၄) ဧက၁၀၀၀၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ကြံစိုက်ခင်းနှင့် ကြံမျိုးစုဆောင်းထားမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲသီဟာဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ကြက်ဆူပျိုးပင်၁၂၀၀၀၀ပျိုးထောင်ထားမှု၊ စိုက်ပျိုးပြီးစိုက်ခင်းနှင့် နာနတ်စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကုန်းမြင့်ယာမြေ(၁) ဧက၁၀၀၀စံပြစိုက်ခင်း၌ နွေစပါး၊ ကြက်ဆူရိုင်းပင်၊ ပျားလိမ္မော်၊ သစ်ဆိမ့်၊ ကြံ၊ နာနတ်၊ ကော်ဖီ၊ ဆီထွက်နေကြာ စိုက်ပျိုးမှုအခြေအနေကို ကြည့်ရှုကြရာ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က ရှင်းလင်းတင်ပြသည်။

တိုင်းမှူးက ကြံစိုက်ပျိုးဖြစ်ထွန်းမှု အတွေ့အကြုံကို ရှင်းလင်းပြောကြားရာ တိုင်းရင်းသား လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဘိန်းအစားထိုးသီးနှံသီးညှပ်စိုက်ခင်း၌ နာနတ်နှင့် ကြက်ဆူဆီသီးညှပ်စိုက်ခင်းကို လည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နွေစပါး စိုက်ပျိုးဖြစ်ထွန်းမှုနှင့် အနှံများ ထွက်ရှိနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အား ဖူးမြော်ကြည်ညို ဆင်းရွှေလီစပ်မျိုးစပါးပင်ပွားများဖြစ်ထွန်းအောင်မြင်မှုကြည့်ရှုအားပေး

ရန်ကုန် မေ ၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ မေ ၂ ရက်တွင် လားရှိုးမြို့အဝင် ရန်အောင်မြင် နဂါးရုံဘုရားကုန်းတော်အနီး ဝိဇယဘူမိ မဟာအောင်မြေမင်္ဂလာကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ရောက်ရှိကြပြီး စေတီတော်လိုဏ်ဂူတော်အတွင်း ကိန်းဝပ်စံပယ်တော်မူနေသော အဘယမုဒ္ဒိ ကြေးသွန်းဆင်းတုတော်ကြီးနှင့် ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၏ အထက်ပစ္စယာ ဂန္ဓကုဋိတိုက်တော်၌ကိန်းဝပ်အပူဇော်ခံမည့် မူလပတ္တမြား မျက်ရှင် ဆင်းတုတော်ကြီးနှင့် ပုံစံတူ ရွှေစင်ရွှေသားအစစ်ဖြင့် သွန်းလောင်းပြီး ပတ္တမြားများဖြင့် စီခြယ်ပူဇော်ထားသော ပတ္တမြားဆင်းတုတော်၊ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့် ပုံစံတူရွှေစင်ရွှေသား အစစ်ဖြင့် သွန်းလောင်းပူဇော်ထားသော ပတ္တမြားစေတီတော်နှင့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့် ပုံစံတူရွှေစင် ရွှေသားအစစ်ဖြင့် သွန်းလောင်းပူဇော်ထားသော နီလာစေတီတော်များအား အနီးကပ် ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့အား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သမိုင်းဖြစ်ပေါ်လာပုံ၊တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စေတီတော်အထက်ပစ္စယာတွင် ရွှေစင်ရွှေသား ပတ္တမြားမျက်ရှင် ဆင်းတုတော်နှင့် ရွှေစင်ရွှေသား ပတ္တမြားစေတီတော်၊ ရွှေစင်ရွှေသား နီလာစေတီတော်များ၊ ကိန်းဝပ်အပူဇော်ခံမည့် ဂန္ဓကုဋိတိုက်တော် တည်ဆောက်ရေးလုပ်ငန်းများနှင့် သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော် အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စေတီတော်လိုဏ်ဂူတော်အတွင်းရှိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်များနှင့် မြန်မာမှုပန်းပုလက်ရာများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စေတီတော်အထက်ပစ္စယာ၌ ရွှေစင်ရွှေသား ပတ္တမြားမျက်ရှင် ဆင်းတုတော်နှင့် ရွှေစင်ရွှေသား ပတ္တမြားစေတီတော်၊ ရွှေစင် ရွှေသား နီလာစေတီတော်များ ကိန်းဝပ်အပူဇော်ခံမည့် ဂန္ဓကုဋိတိုက်တော် တည်ဆောက်ရေးလုပ်ငန်းခွင်တို့၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး တိုင်းမှူးက ဗိသုကာအင်ဂျင်နီယာများကို လုံခြုံရေးအပိုင်း ဦးစားပေးပြီး စနစ်တကျဆောင်ရွက်ရေး၊ မြန်မာမှုဗိသုကာ လက်ရာများဖြင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လက်ရာသေသပ်ခိုင်ခံ့လှပအောင်ဆောင်ရွက်ရေးနှင့်အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရာနှုန်းပြည့်ပြီးစီး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး အနီးရှိ သုခမင်္ဂလာဆင်းရွှေလီ သာသနာ့ဗိမာန်တော် အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးက သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော် တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးနေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က သုခမင်္ဂလာ ဆင်းရွှေလီ သာသနာ့ဗိမာန်တော် အဆောက်အအုံကို မြန်မာမှု ဗိသုကာလက်ရာများဖြင့် လက်ရာ သေသပ်လှပခံ့ညားထည်ဝါစွာ တည်ဆောက်ရေးနှင့် မိုးမကျမီ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဟူးမွန်ဒေသ ဆင်းရွှေလီအထူး အထွက်တိုး စပ်မျိုးစပါး၊ နွေစပါး စံပြ ၁၀ ကေ စိုက်ခင်းသို့ ရောက်ရှိကြ၍ စပ်မျိုးစပါးပင်များမှ အောင်နှံများညီညာစွာ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက တာဝန်ရှိသူများအား တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ရေး၊ ရေသွင်း၊ ရေထုတ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျ အချိုးကျထည့် သွင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လားရှိုးမြို့ ရေပူစမ်းကျေးရွာအနီး၌မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး စံပြ ၁၂၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းမြေဩဇာကြဲပက်နေမှုနှင့် ပိုးသတ်ဆေးများ ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အချိုးကျထည့်ဝင်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လားရှိုးမြို့အထွက် အေတီတံတားအနီး၌ လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသည့် ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိရေး စံပြ ၇၀၅ ဧက စိုက်ခင်းအတွင်း၌ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်စိုက်ပျိုးလျက်ရှိသော ဆင်းရွှေလီ စံပြဧက ၂၀၀ ယှဉ်ပြိုင်စိုက်ခင်းသို့ရောက်ရှိကြပြီး စိုက်ခင်းအတွင်း သက်တမ်း ၁၃၅ ရက်ရှိ စပ်မျိုးစပါးပင်များမှ ပင်ပွားများဖြင့် ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများနှင့် အောင်နှံများစတင်ထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)**

စိုက်ပျိုးထား

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၂၀၀၆ ခုနှစ် နွေစပါးစိုက်ပျိုးမှုအတွက် ခရိုင်နှင့် မြို့နယ်အလိုက် တစ်ဧက တင်း ၂၀၀ နှင့်အထက် ထွက်ရှိအောင် ယှဉ်ပြိုင်စိုက်ပျိုးမှု ယှဉ်ပြိုင်ပွဲများကို လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် လောက်ကိုင်ခရိုင်တို့က ပြိုင်ပွဲဝင်ကြမည်ဖြစ်သည်။ ခရိုင်အဆင့်တွင် ဧက ၁၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြို့နယ်အဆင့်တွင် ၁၀ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကွက်များမှ စပါးများဝင်းမှည့် ရိတ်သိမ်းချိန်တွင် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိသော ယှဉ်ပြိုင်ကွက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကျွမ်းကျင်သူများဖြင့် စစ်ဆေး၍ ဆုအဆင့်အတန်းသတ်မှတ်ပြီးရွေးချယ် အကဲဖြတ် ဆုပေးသွားမည် ဖြစ်သည်။ ခရိုင်အဆင့်တွင် ပထမဆုငွေကျပ် ၁၀သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ်ငါးသိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်နှစ်သိန်းတို့ဖြစ်ပြီး မြို့နယ်အဆင့်တွင် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ် တစ်သိန်းတို့ချီးမြှင့်မည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နွေစပါးစိုက်ပျိုးပြီးစီးမှုမှာ လားရှိုးခရိုင်၌ ၈၉၀၆ ဧက၊ မူဆယ် ခရိုင်၌ ၈၂၂၈ ဧက၊ ကျောက်မဲခရိုင်၌ ဧက ၅၂၀၀၊ လောက်ကိုင်ခရိုင်၌ ၄၄ ဧကဖြင့် စုစုပေါင်း ၂၃၃၇၄ ဧက စိုက်ပျိုးထားရှိပြီးဖြစ်သည်။

ယခုအခါစပါးနှံများစတင်ထွက်ရှိနေပြီဖြစ်၍ ဇွန်လတွင် ကောက်နှံများရင့်မှည့်ရိတ်သိမ်းတော့မည်ဖြစ်သည်။ နွေစပါးကို တစ်ဧကလျှင် တင်း ၂၀၀ နှင့်အထက်ထွက်ရှိသော ဆင်းရွှေလီအထွက်တိုးစပါးကို အဓိကထား စိုက်ပျိုးထားကြောင်းနှင့် နွေစပါးစိုက်ဧကအားလုံးအတွက် စပါးတင်းပေါင်း ၄၆ သိန်းကျော် ထွက်ရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဆင်းရွှေလီ အထွက်တိုးစပါးမျိုးဖြင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် ဒေသဝမ်းစာဖူလုံရုံသာမက ပိုလျှံမှုပင် ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၁၁ ရက် နံနက် ၄ နာရီခွဲတွင် ဆရာတော် သံဃာတော်အပါး ၅၀ ကျော်က ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဆောင်ရွက်တော်မူကြပြီး ဗုဒ္ဓမြတ်စွာ၏ ကိုယ်ပွားတော်ပရိဘောဂစေတီဖြစ်သည့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြကာ ညောင်ရေသွန်းလောင်းပွဲတော် အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ညောင်ရေ အိုး၊ အောင်သပြေအမွှေးနံ့သာများကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စီစဉ်ပေးထားမည်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်းကဲ့သို့ စတုဒိသာအလှူရှင်များက ဘုရားဖူးလာကြသူများအား စားသောက်ဖွယ်ရာများ၊ အချိုရည်များ၊ ရေသန့်ဘူးများကို လှူဒါန်းကြမည်ဖြစ်သည်။ စတုဒိသာ ကျွေးမွေးလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

Customer Power & Satisfaction အကြောင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၄

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဒေါက်တာခင်စန်းရီဟောပြောသည့် Customer Power & Satisfaction ဆွေးနွေးပွဲကို ဧပြီ၂၉ရက်တွင် ရန်ကုန်မြို့ရှိ Grand Plaza Park Royal Hotel၌ ကျင်းပရာ ကုမ္ပဏီအသီးသီးမှ မန်နေဂျာများ၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဟာဇင်း၏ အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာခင်စန်းရီ**(ယာပုံ)**က မည်သူတို့ကို Customer ဟု ခေါ်ဆိုကြောင်းကို နမူနာပေး၍ ရှေးဦးစွာရှင်းပြပြီး၊ ယင်း Customerတို့၏ Powerကြီးမားမှုအတိုင်းအတာနှင့် ထိုသူတို့၏ ကျေနပ်မှုရအောင် လုပ်ကိုင်ရမည့်နည်းလမ်းများအတွက် စဉ်းစားပုံစဉ်းစားနည်းရစေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေး၍ တက်ရောက်လာကြသူများကလည်း ထပ်မံသိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ပံ့ပိုးကူညီ

ယင်းဆွေးနွေးပွဲကို တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ်မဂ္ဂဇင်းဖြစ်သည့် CEOစီးပွားရေးနှင့်စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး အင်နာဗွန်စီ၊ ဒီကိုလ်ဂျင်နှင့် အင်ဖိုင်းပလက်စ်တို့က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တူဒေးစာအုပ်တိုက်ထုတ် စာအုပ်တချို့ကို ၁၀ ရာခိုင်နှုန်းလျှော့နှုန်းဖြင့် လည်းကောင်း၊ အင်နာဗွန်စီ၊ ဒီကိုလ်ဂျင်၊ အင်ဖိုင်းပလက်စ်နှင့် ဘိုင်အိုဂျက်ဆစ် ဆေးဝါးများကို ၅ ရာခိုင်နှုန်းလျှော့နှုန်းဖြင့် လည်းကောင်း ရောင်းချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ဥရောပ၌ အကြီးဆုံး ရထားဘူတာရုံ

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် တည်ဆောက်နေသော ဥရောပ၌ အကြီးဆုံး ရထားဘူတာရုံ၏ ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ ၂ရက်က တွေ့ရစဉ်။(ယင်းဘူတာရုံကို ကမ္ဘာ့ဖလား ဘောလုံးပွဲမတိုင်မီ မေလနောက်ဆုံးပတ်၌ ဖွင့်လှစ်မည်ဟု သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကြည်နူးဖွယ် ရက်သတ္တပတ်အပျော်ခရီးအဖြစ် သန်းပေါင်းများစွာသော တရုတ်ပြည်သူများခရီးထွက်

ပေကျင်း မေ ၄

မေ ၁ရက်တွင်စတင်သည့် ပျော်ရွှင်ဖွယ်ရက်သတ္တပတ်အပျော်ခရီး အစပထမနေ့တွင် တရုတ်ပြည်တစ်နံတစ်လျားရှိ ပြည်သူတို့သည် ၎င်းတို့နှစ်ခြိုက်သည့်နေရာဒေသ ၁၁၆ခုတို့သို့ ခရီးထွက်ခဲ့ရာ ယခုနှစ်တွင် ၂၈ဒသမ၇သန်း ရောက်ရှိလာပြီး လွန်ခဲ့သည့်နှစ် ထိုအချိန်ကထက် ခရီးသည်ဦးရေ ၁၇ရာခိုင်နှုန်း ပိုမို လာရောက်သည်ဆို၏။

ရက်သတ္တပတ် အပျော်ခရီး၏ ပထမနေ့တွင် ခရီးသွားလုပ်ငန်းဝင်ငွေ ပမာဏမှာ လွန်ခဲ့သည့်နှစ် ထိုကာလကထက် ၂၅ရာခိုင်နှုန်းပိုမိုရရှိသည်။

ခရီးထွက်ကြ

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် အပန်းဖြေ အပျော်ခရီးထွက်ခြင်းမှာ တရုတ်ပြည်သူတို့အတွက် နေအိမ်မှထွက်ကာ ငွေနှင့်အချိန်ဖြုန်းရန် ကြီးမားသော အခွင့်အလမ်းတစ်ရပ်ဖြစ်လာပြီဖြစ်သည်။ မိသားစု အများအပြားသည် အခြားပြည်နယ်များသို့မကဘဲ ပြည်ပသို့ပါ ခရီးထွက်ကြသည်။

ခြေချစရာမရှိ

ခရီးသွားများအထူးအာရုံပြုရာ ပေကျင်းမြို့တော် သို့ လာရောက်သည့် ခရီးသည်ဦးရေမှာ လွန်ခဲ့သည့်နှစ်ကထက် ယခုနှစ်တွင် ၁၁ဒသမ ၆ ရာခိုင်နှုန်း ပိုသည်။ ရှေးဟောင်းမြို့တော်သို့ သွားရောက်သည့် ခရီးသည်များမှာ များလွန်းသဖြင့် ခြေချစရာပင်မရှိလောက်အောင်ဖြစ်ရသည်။ ပေကျင်းမြို့တော်မှ မြေအောက်ရထားစီးနှင့် ဘတ်စ်ကားစီးခရီးသည်များမှာ တနင်္လာနေ့တစ်နေ့တည်း၌ပင် ၁၂သန်းခန့်ရှိသည်။

အပန်းဖြေ

ကမ္ဘာလှည့် ခရီးသည်များအကြိုက် ဟန်ကျိုးမြို့တော်သို့ ပြည်သူတစ်သန်းကျော်တို့ လာရောက်လည်ပတ်ကြသည်။ ယင်းပမာဏမှာ လွန်ခဲ့သည့်နှစ်ကထက် ၉၃ ဒသမ၈ ရာခိုင်နှုန်းပိုများသည်။ ဟန်ကျိုးနေ ပြည်သူ ၂ဒသမ ၂သန်းတို့သည်လည်း ခရီးထွက်အပန်းဖြေကြသည်။

အပျော်ခရီးရက်သတ္တပတ်အတွင်းတွင် ရှန်ဟိုင်းမြို့သို့ လာရောက်မည့် ခရီးသည်ဦးရေမှာ ၃သန်းအထိရှိမည်ဟု ခန့်မှန်းထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်ပြည်သူများ ရက်သတ္တပတ် အပန်းဖြေခရီးထွက်နေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်ပြည်သူတို့၏ အကျိုးစီးပွား အမေရိကန်အစိုးရ ကာကွယ်နိုင်စွမ်းမရှိ

ဝါရှင်တန် မေ ၄

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများမှာ မအောင်မမြင်ဖြစ်ရကြောင်း အမေရိကန်တို့ ဇွန် ၁ရက်က ခန့်အပ်ထားသည့် အထူးစစ်ဆေးရေးအရာရှိချုပ်ရုံးမှ အစီရင်ခံစာကို ကိုးကားပြီး အမေရိကန်မီဒီယာက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်လိုက်သည်။

မမှားသင့်ဘဲ မှားယွင်းသည့် အဓိကအမှားတစ်ခုမှာ အီရတ်အဓိကရေနံနှင့် လျှပ်စစ်အခြေခံအဆောက်အအုံများကိုစောင့်ကြပ်ရန် အီရတ် ၂၀၄၀၀ တို့အား လေ့ကျင့်သင်တန်းပေးရေးအစီအစဉ်များပင်ဖြစ်ကြောင်း စာရင်းစစ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆုံးသတ်

အီရတ်သင်တန်းသားထက်ဝက်ခန့်လောက်ကိုသာ သင်တန်းပေးနိုင်ပြီး မောင်းပြန်သေနတ်များ၊ သံချပ်ကာယာဉ်များ၊ ညကြည့်မှန်ပြောင်းများနှင့် အခြားကိရိယာစသော ဒေါ်လာသန်းပေါင်းများစွာတန်သည့် ပစ္စည်းများစာရင်းပျောက်ကာ ထိုအစီအစဉ်မှာ လွန်ခဲ့သည့်နှစ်က မအောင်မမြင် အဆုံးသတ်သွားသည်။

ထိုအစီအစဉ်အတွက် သုံးစွဲရန် လျာထားသတ်မှတ်ငွေ ဒေါ်လာ ၁၄၇ သန်းကို သူတို့မည်သို့သုံးစွဲသည်ဆိုသောအထောက်အထားကို လေ့ကျင့်သင်ကြားရေးတာဝန်ယူသည့် အမေရိကန်အရာရှိများက ထိန်ချန်ထားခဲ့သည်။

မီးမောင်းထိုးပြ

အီရတ်ကျေးလက်ဒေသများရှိ ဆေးရုံနှင့်ကျန်းမာရေးဆေးပေးခန်းများ ဆောက်လုပ်ရေးနှင့်မွမ်းမံပြုပြင်ရေးလုပ်ဆောင်ရာ၌လည်းမအောင်မြင်ကြောင်း အစီရင်ခံစာက မီးမောင်းထိုးပြသည်။

အစိုးရ၏ကြီးကြပ်မှု ညံ့ဖျင်းခြင်းနှင့် ပုဂ္ဂလိကကန်ထရိုက်တာ၊ ဆပ်ကန်ထရိုက်တာ တို့၏စွမ်းဆောင်မှု အားနည်းခြင်းတို့ကြောင့် ကျန်းမာရေးဆေးပေးခန်း ၁၅၀ တည်ဆောက်ရမည့်ဒေါ်လာ ၁၈၆ သန်းတန် စီမံကိန်းမှာ စာရင်းစစ်ချိန်၌ ကျန်းမာရေးဆေးပေးခန်း ခြောက်ခုသာလျှင် တည်ဆောက်ပြီးစီးကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မွမ်ဘိုင်းမြို့အနီး၌ ဘတ်စ်ကားတိမ်းမှောက် ၂၈ဦးသေဆုံး၊ ၃၅ ဦးဒဏ်ရာရရှိ

နယူးဒေလီ မေ ၄

မွမ်ဘိုင်းမြို့အနီး သိန်းခရိုင်အတွင်းရှိ ချောင်းတစ်ခုအတွင်းသို့ ခရီးသည် အပြည့်တင်လာသော ဘတ်စ်ကားတစ်စီး **(ဓါတ်ပုံ)**မေ ၂ရက်က ထိုးကျတိမ်းမှောက်သွားရာ အနည်းဆုံး ၂၈ဦးသေဆုံးပြီး ၃၅ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ကြေညာသည်။

လမ်းဘေးတိမ်းချော်ပြီး ချောင်းအတွင်းကျသွားသည့် ဘတ်စ်ကားပေါ်တွင် လူ၅၀ကျော် စီးနင်းလိုက်ပါလာသည်။ ယာဉ်မောင်းအနေဖြင့် မထိန်းနိုင်၍ တိမ်းမှောက်သည့် လက္ခဏာရှိကြောင်း ရဲအရာရှိက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အာမေးနီးယား လေယာဉ်ပျက်ကျ

မော်စကို မေ ၄

ခရီးသည် ၁၁၃ ဦးအားတင်ဆောင်လာသော အာမေးနီးယား လေယာဉ်တစ်စင်း ရုရှားနိုင်ငံတောင်ပိုင်းကမ်းရိုးတန်း၏ ပင်လယ်နက်အတွင်းသို့ မေ ၃ ရက်က မိုးသည်းထန်မှုကြောင့် ပျက်ကျသွားခဲ့ကြောင်း လေယာဉ်အမှုထမ်းနှင့် ခရီးသည်အားလုံး သေဆုံးဖွယ်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက ပြောကြားသည်။ လေယာဉ်ပျက်ကျခဲ့သော ပင်လယ်နက်ရေပြင်တွင် အထုပ်အပိုးများ၊ လူခန္ဓာကိုယ်အစိတ်အပိုင်းများ၊ လေယာဉ်၏အပိုင်းအစများနှင့် လောင်စာဆီများ ယိုဖိတ်နေသည်ကို ကယ်ဆယ်ရေးအဖွဲ့ဝင်များ တွေ့ရှိခဲ့သည်။

ယင်းလေယာဉ်သည် အဲဘက်စ် ၃၂၀ အမျိုးအစားဖြစ်ကြောင်း ဂျော်ဂျီယာနိုင်ငံ နယ်စပ်အနီး ရုရှားကမ်းခြေ ဆိုချီဆိပ်ကမ်းအနီးတွင် ဒေသစံတော်ချိန် အင်္ဂါနေ့ နံနက်၂ နာရီ ၁၅ မိနစ်က ရေဒါမှ ပျောက်ကွယ်သွားခဲ့ကြောင်း ယင်းလေယာဉ်သည် အာမေးနီးယားနိုင်ငံမှ ရုရှားနိုင်ငံတောင်ပိုင်းသို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် သေဆုံးသူများကို ရှာဖွေရာတွင်ကြန့်ကြာနေခဲ့ရကြောင်း အရေးပေါ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘယ်လ်ဆို့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လေယာဉ်ပျက်ကျသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်း

● ရှေ့ဖုံးမှ

(ခ) **ဆေးရွက်ကြီးထွက်ပစ္စည်း** ဆိုသည်မှာ ဆေးရွက်ကြီးပင်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ အရွက်ကိုဖြစ်စေ၊ အရိုးကိုဖြစ်စေ သောက်ရန် သို့မဟုတ် သုံးရန်အလို့ငှာ ပြုပြင်စီမံထားသော ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဂ) **ဆေးလိပ်ငွေ့** ဆိုသည်မှာ ဆေးလိပ်ကို မီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသောအခိုးအငွေ့ကိုလည်းကောင်း၊ ဆေးလိပ်ကို သောက်ဖွာခြင်း၊ ရှူထုတ်ခြင်း သို့မဟုတ် ရှူရှိုက်ခြင်းကြောင့် ထွက်ပေါ်လာသော အခိုးအငွေ့ကိုလည်းကောင်းဆိုသည်။

(ဃ) **ရောင်းချခြင်း** ဆိုသည်မှာ ပစ္စည်းတစ်မျိုးမျိုးကို လက်လီလက်ကား ရောင်းချခြင်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ခင်းကျင်းပြသခြင်းကို ဆိုသည်။

(င) **ဆေးလိပ်ထုပ်** ဆိုသည်မှာ ဆေးလိပ်ကိုဖြစ်စေ၊ ဆေးရွက်ကြီးထွက် ပစ္စည်းကိုဖြစ်စေ စုစည်း၍ ထည့်သွင်းထားသော သို့မဟုတ် ထုပ်ပိုးထားသော ဘူး၊ ပုလင်း၊ ကတ်ပြား သို့မဟုတ် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **အမှတ်တံဆိပ်** ဆိုသည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း တစ်မျိုးမျိုးကို သိရှိနိုင်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် ပြုလုပ်ဖော်ပြထားသော အမည်၊ သင်္ကေတ၊ ပုံသဏ္ဌာန် သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဆ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ပုဒ်မ၄အရ ဖွဲ့စည်းသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဇ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဈ)အရ ဖွဲ့စည်းထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။

(ဈ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ပုဒ်မ၆နှင့် ပုဒ်မ၇တို့တွင် သတ်မှတ်ဖော်ပြထားသော နေရာကို ပိုင်ဆိုင်သူ သို့မဟုတ် တာဝန်ယူစီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူက လွှဲအပ်တာဝန်ပေးထားသော ပုဂ္ဂိုလ်လည်းပါဝင်သည်။

(ည) **ကျောင်း** ဆိုရာတွင် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကြိုကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပါဝင်သည်။

(ဋ) **သင်တန်းကျောင်း** ဆိုသည်မှာ အသိပညာနှင့် အတတ်ပညာတစ်ရပ်ရပ်ကို သင်တန်းသား ၁၀ဦးနှင့်အထက်အား သင်ကြားသည့် သင်တန်းကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်၊

(ခ) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊

(ဂ) ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝ ရရှိစေရန်၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာစေရန်၊

(င) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

အခန်း (၃)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်–

(က) ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ဦးစီးဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) အများပြည်သူအား ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း စွဲလမ်းမှုကို ဖြတ်တောက်နိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်းကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(င) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု လျှော့နည်းစေရေးအတွက် လှုံ့ဆော်ရေးပြပွဲ၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကျင်းပရန် လမ်းညွှန်ခြင်း၊

(စ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုနှင့် စပ်လျဉ်းသည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်လမ်းညွှန်ခြင်း၊

(ဆ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ည) မိမိ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

အခန်း(၄)

ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ

၆။ အောက်ပါ ပရိဝုဏ်၊ အဆောက်အအုံ၊ အခန်းနှင့် နေရာများသည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည်–

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊

(ခ) ဆေးကုဂေဟာနှင့် ဆေးခန်းများ၊

(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊

(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ၊

(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြား အဆောက်အအုံများ၊

(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်းနှင့်ရုံးခန်းများ၊

(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊

(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊

(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊

(ည) ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊

(ဋ) ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊

(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ၊

(ဍ) အများပြည်သူသုံး ခန်းမကြီးများ၊

(ဎ) ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေး အဆောက်အအုံနှင့်စာသင်ခန်းများ၊

(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားပရိဝုဏ်၊ အဆောက်အအုံနှင့်နေရာများ။

၇။ အောက်ပါ အဆောက်အအုံနှင့် ယာဉ်များတွင် တစ်ဦးချင်း၏ ရုံးခန်းနှင့် အခန်းများမှအပ လူအများ ဝင်ထွက်သွားလာနိုင်သော နေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်သည်။ သို့ရာတွင် ထိုနေရာများ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများကို စီမံထားရှိရမည်–

(က) ရုံး၊ ဌာနတို့၏ အဆောက်အအုံများ၊

(ခ) စက်ရုံ၊ အလုပ်ရုံတို့၏ အဆောက်အအုံများ၊

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာတို့၏ အဆောက်အအုံများ၊

(ဃ) ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ်တို့၏ အဆောက်အအုံများ၊

(င) ပျော်ပွဲစားရုံများ၊

(စ) ခရီးသည် သယ်ယူပို့ဆောင်သော ရထားနှင့် ရေယာဉ်များ၊

(ဆ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားအဆောက်အအုံ၊ အခန်းနှင့် နေရာများ။

အခန်း (၅)

ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၈။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဗဟိုအဖွဲ့က ချမှတ်သောမူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မ၇တွင် ဖော်ပြထားသော နေရာများတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဃ) ဆေးလိပ်သောက်ခွင့်မရှိသော နေရာကိုလည်းကောင်း၊ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာကိုလည်းကောင်း သိရှိနိုင်ရန် ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ခြင်း၊

(င) ဆေးလိပ်ထုပ်တွင်ဖော်ပြပါရှိရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကိုလည်းကောင်း၊ အခြားလိုအပ်သော သတိပေးချက်များကိုလည်းကောင်း သတ်မှတ်ခြင်း၊

(စ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း စွဲလမ်းမှုကို ဖြတ်တောက်နိုင်ရေးအတွက် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ကုသခြင်းတို့ကို စီစဉ်ဆောင် ရွက်ခြင်း၊

(ဆ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဇ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ဗဟို အဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

အခန်း(၆)

တာဝန်ခံပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များ

၉။ တာဝန်ခံပုဂ္ဂိုလ်သည်–

(က) ပုဒ်မ၆တွင် ဖော်ပြထားသော နေရာ၌ ဆေးလိပ်သောက်ခွင့် မရှိသောနေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ထားရှိရမည်။

(ခ) ပုဒ်မ၇တွင် ဖော်ပြထားသော နေရာ၌ ဆေးလိပ်သောက် ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသော နေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၀။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ တာဝန်ခံပုဂ္ဂိုလ်သည် ပုဒ်မ၆၊ ပုဒ်မခွဲ(င)၊ (စ)နှင့်(ဎ)တို့တွင် ဖော်ပြထားသော နေရာ၌ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသော ဆေးလိပ်ကို ကိုင်ဆောင်ခြင်းပြုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်–

(က) ပထမအကြိမ်ကျူးလွန်မှုအတွက် ပညာပေးခြင်း၊ သတိပေးခြင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို အသိပေးခြင်း၊

(ခ) ထပ်မံကျူးလွန်မှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဗဟိုအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်း။

အခန်း(၈)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိစေရန် အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား

စာမျက်နှာ ၆ ကော်လံ ၁ သို့

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်း

စာမျက်နှာ ၅ မှ

ငွေဒဏ်အနည်းဆုံး ကျပ်၂၀၀၀၀မှ အများဆုံး ကျပ်၅၀၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၂နှစ်ထက်မပိုသော ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀မှ အများဆုံး ကျပ်၂၀၀၀၀၀အထိ လည်းကောင်း ချမှတ်ရမည်–

(က) ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ ကြော်ငြာခြင်း၊ ကြော်ငြာ ချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်း စာရွက်ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြော်ငြာခြင်း၊

(ခ) ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုတို့ဖြင့် ဖြစ်စေ၊ အဆင့်မြင့် နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့် ဖြစ်စေ၊ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချိခြင်း၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသော ပစ္စည်းကို အခမဲ့ ဖြန့်ဖြူးခြင်း၊ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း၊

(င) အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်း တစ်ခုခုကို ပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(စ) လူ့အသုံးအဆောင်ပစ္စည်း တစ်ခုခုတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း၏ အမှတ်တံဆိပ်ကို ဖော်ပြခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၂။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၂နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

(က) ဤ ဥပဒေအရ လာရောက်စစ်ဆေးသည့် ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင် တစ်ဦးဦးကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် လက်ရောက်မှု ကျူးလွန်ခြင်း၊

(ခ) ဆေးလိပ်သောက်ခွင့် မပြုသောနေရာ၌ ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်သော တာဝန်ခံ ပုဂ္ဂိုလ်ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် လက်ရောက်မှု ကျူးလွန်ခြင်း။

၁၃။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်၁၀၀၀၀မှ အများဆုံး ကျပ်၃၀၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့် အထက်ပြစ်မှု ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၁နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀၀မှ အများဆုံးကျပ် ၁၀၀၀၀၀အထိ လည်းကောင်း ချမှတ်ရမည်–

(က) ဆေးလိပ်ထုပ်တွင် ဖော်ပြရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းနှင့် အခြားသတိပေးချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်းမရှိဘဲ ဆေးလိပ်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ခ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ဗဟိုအဖွဲ့က သတ်မှတ်သောအဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ပစ္စည်းအာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ယင်းသို့ ဖော်ပြထားသည်ကို သိလျက်ဖြင့် ဖြန့်ဖြူးခြင်းသို့မဟုတ် ရောင်းချခြင်း၊

(ဂ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို စီးပွားရေးအလို့ငှာ အမှတ်တံဆိပ်မပါရှိဘဲ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း တစ်ခုခု၏ အမှတ်တံဆိပ်ဖော်ပြထားသော အခြားကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(င) ဆေးလိပ်ပုံသဏ္ဍာန်ပြုလုပ်ထားသော ကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်ကို ထုတ်လုပ်ခြင်း ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း။

၁၄။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀မှ အများဆုံးကျပ် ၃၀၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည်–

(က) ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းပရိဝုဏ်မှ ပေ၁၀၀အတွင်း ဆေးလိပ်ရောင်းချခြင်း၊

(ခ) ကုန်ပစ္စည်း တစ်မျိုးမျိုး ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို လည်းကောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် အခြားကုန်ပစ္စည်းတစ်မျိုးမျိုးကိုလည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထပ်ဆောင်း ပေးခြင်း၊ လက်ဆောင်ပေးခြင်း သို့မဟုတ် တွဲဖက်ပေးခြင်း၊

(ဂ) ဆေးလိပ်ကို ပစ္စည်းရောင်းစက်ဖြင့် ရောင်းချခြင်း၊

(ဃ) အသက် ၁၈နှစ် မပြည့်သေးသောသူအား ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း၊

(င) အသက် ၁၈နှစ် မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်း၊

(စ) အသက် ၁၈နှစ် မပြည့်သေးသောသူထံမှ ပစ္စည်းတစ်ခုခုကို ဆေးလိပ်နှင့် လဲလှယ်ခြင်း၊

(ဆ) ဆေးလိပ်သောက်ခွင့် မရှိသောနေရာ ဖြစ်ကြောင်း သို့မဟုတ် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို ဖျက်ဆီးခြင်း။

၁၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်၁၀၀၀မှ အများဆုံးကျပ် ၃၀၀၀အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀မှ အများဆုံး ကျပ် ၁၀၀၀၀အထိ လည်းကောင်း ချမှတ်ရမည်–

(က) စီးကရက်ကို လွယ်ကူစွာဝယ်ယူ သောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်း၊

(ခ) ဆေးလိပ်ရောင်းချသူဖြစ်ပါက ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့် နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရန် ပျက်ကွက်ခြင်း၊

(ဂ) ဆေးလိပ်ရောင်းချသူဖြစ်ပါက အသက် ၁၈နှစ် မပြည့်သေးသောသူကို ဆေးလိပ်ရောင်းချခြင်းမပြုကြောင်း မြန်မာဘာသာဖြင့် အသိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရန် ပျက်ကွက်ခြင်း။

၁၆။ မည်သည့် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၉ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀မှ အများဆုံး ကျပ် ၃၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀မှ အများဆုံးကျပ် ၁၀၀၀၀အထိလည်းကောင်း ချမှတ်ရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၆၊ ပုဒ်မခွဲ(င)၊ (စ)နှင့်(ဃ)တို့တွင် ဖော်ပြပါရှိသော နေရာများမှအပ ပုဒ်မ ၆နှင့်ပုဒ်မ ၇တို့ပါ ဆေးလိပ်သောက်ခွင့်မရှိသော နေရာတစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ်ကိုင်ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀မှ အများဆုံးကျပ် ၅၀၀၀အထိချမှတ်ရမည်။

အခန်း(၉)

အထွေထွေ

၁၈။ (က) ဤဥပဒေ အခန်း(၈)ပါ ပြစ်မှုများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

(ခ) သက်ဆိုင်ရာ တာဝန်ရှိ ရဲအရာရှိသည် ပုဒ်မ၁၇အရ ဖမ်းဆီး အရေးယူခြင်းခံရသူအား ချိန်းဆိုသည့်နေ့တွင် သက်ဆိုင်ရာ တရားရုံးသို့ လာရောက်ရန် ကိုယ်တိုင်ခံဝန် သို့မဟုတ် အခြားသင့်လျော်သောခံဝန်ဖြင့် အာမခံပေးရမည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၀။ ၁၉၅၉ ခုနှစ် ပွဲကျင်းပပြသရာ အဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်း တားမြစ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၄

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၆ ခုနှစ်အတွက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများမှာ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

သတ်မှတ်ပေး

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း၊ ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း၊ ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံ ဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ဝတ္ထုတို၊ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည်ပြိုင်ပွဲဝင် စာမူနှစ်စောင်ကိုလည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် အကြောင်းအရာ Caption နှင့်အတူ ၁၀ x၁၂ လက်မ (သို့မဟုတ်) ၁၀ x ၁၄ လက်မထက် မငယ်သော အရွယ်အစား Print ပုံ လေးပုံအထိကိုလည်းကောင်း ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ကိုယ်တိုင်ဓာတ်ပုံရိုက်ကူးကြောင်းနှင့် ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းကို ဝန်ခံချက်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေး မှတ်တမ်းအကျဉ်းနှင့်အတူ အတွင်းရေးမှူး၊ အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်။ ပြိုင်ပွဲဝင် စာမူများကို ၂၀၀၆ခုနှစ် စက်တင်ဘာ၃၀ရက်တွင်လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၃၀ရက်တွင်လည်းကောင်း နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားသည်။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အင်တာနက် သတင်း နှင့် ဓာတ်ပုံ



အဆိပ်ဓာတ်ပျံ့နှံ့မှုနည်းပါးစေရန် အသုံးပြုပြီးဓာတ်ခဲများပြန်လည်သုံးစွဲမည်

ဥရောပသမဂ္ဂက ၂၀၀၈ခုနှစ်မှစပြီး ပြန်လည်အသုံးပြုဓာတ်ခဲများ ပြုလုပ်နိုင်မည့် ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို မဖြစ်မနေဆောင်ရွက်ရန်သဘောတူညီလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် မေ၃ရက်၌ ဖော်ပြသည်။

ယင်းသဘောတူညီချက်အရ ကက်ဒ်မီယမ်သို့မဟုတ် မာကျူရီဓာတုဗေဒအဆိပ်ဓာတ်များ ကျန်ရှိနေသော ဓာတ်ခဲအားလုံးကို ပိတ်ပင်မည်ဟု ဆိုသည်။ အသုံးပြုထားသော ဓာတ်ခဲအားလုံး၏ လေးပုံတစ်ပုံကို ၂၀၁၂ ခုနှစ်တွင် စုဆောင်းသွားမည်ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် ၄၅ရာခိုင်နှုန်းအထိ ကောက်ယူစုဆောင်းမည်ဖြစ်ကြောင်း၊ ယင်းတို့ထဲမှ အနည်းဆုံးတစ်ဝက်ကို ပြန်လည်အသုံးပြုရမည် ဖြစ်ကြောင်း အဆိုပါ ပြဋ္ဌာန်းချက် ဥပဒေတွင် ဖော်ပြသည်။

ဓာတ်ခဲအားလုံးတွင် နောက်ဆုံးထုတ်ထားသည့်ရက်စွဲ ပါရှိရမည်ဖြစ်ကာ ၂၀၀၉ ခုနှစ် မည်သည့်အချိန်အထိသုံးစွဲနိုင်ကြောင်းလည်း ပါရှိရမည်ဟုဆိုသည်။ ယင်းသဘောတူညီ ပြဋ္ဌာန်းချက်ကို အီးယူ ပါလီမန်ကိုယ်စားလှယ်တစ်ဦးနှင့် အီးယူအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက သဘောတူညီခဲ့ခြင်းဖြစ်သည်။

အဆိုပါ အသုံးပြုပြီး ဓာတ်ခဲများကို အရုပ်များ၊ ကွန်ပျူတာများ၊ မိုဘိုင်းလ်ဖုန်းများ အသုံးပြုသောသူများထံမှ စုဆောင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ခဲအားလုံးသည် ထုတ်လုပ်သည့် ကုမ္ပဏီများ၏ အမည်များပါရှိကာ အလွယ်တကူသယ်ယူသွားနိုင်သည့် ပစ္စည်းဖြစ်ရမည်ဟုဆိုသည်။

ထိုကဲ့သို့ အသုံးပြုဓာတ်ခဲများ ပြန်လည်အသုံးပြုနေခြင်းဖြင့် ကက်ဒ်မီယံ၊ ခဲအက်ဆစ်နှင့် အခြားအဆိပ်ဖြစ်စေသော ဓာတုဗေဒပစ္စည်းများ ပျံ့နှံ့မှုကို လျော့ချနိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

(ကိုးကား–အင်တာနက်)

စာချစ်သူတို့ ဗဟုသုတ ပိုမိုကြွယ်ဝလာစေမည့် စာကောင်းပေမွန်များ ခင်းကျင်းပြသရောင်းချသော စာအုပ်ဈေးပွဲတော်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၄

ပြည်သူများစာပေဗဟုသုတ ပိုမိုကြွယ်ဝလာစေရန် အသစ်ထွက်ရှိသော စာအုပ်များနှင့် ယခင်ရှားပါးစာအုပ်များကို အလွယ်တကူ တစ်နေရာတည်း လေ့လာဝယ်ယူရရှိစေရန်၊ ဝယ်ယူရာတွင်လည်း ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်စေရန် ရည်ရွယ်ပြီး စာအုပ်ဈေးပွဲတော်များကို နိုင်ငံတော်က အမြဲမပြတ်ပြုလုပ်ခဲ့သည်။

စာအုပ်ဈေးပွဲတော်

ယခုတစ်ဖန် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမ၌ စာအုပ်ဈေးပွဲတော် တစ်ရပ်ကို မေ ၄ ရက်မှ ၁၀ ရက်အထိ စတင်ဖွင့်လှစ်

စာအုပ်အမျိုးအစား ၆၀ ခန့် ခင်းကျင်းပြသထားပါတယ်။
မချိုမီလှိုင်(ဖြန့်ချိရေးတာဝန်ခံ)
ပုဂံစာအုပ်တိုက်
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရောင်းချပြသလျက်ရှိရာ စာအုပ်ဈေးပွဲတော်တွင် ခင်းကျင်းပြသသူများနှင့် ဈေးပွဲတော်သို့ လာရောက်လေ့လာဝယ်ယူကြသူများကို မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

အထူးနှုန်း

ပထမဦးစွာ စာအုပ်ဈေးပွဲတော်တွင် ပါဝင်ပြသထားသည့် ပန်းရွှေပြည် စာအုပ်တိုက်မှ တာဝန်ခံတစ်ဦးဖြစ်သူ မဖူးဖူးအောင်နှင့် တွေ့ဆုံမေးမြန်းရာ“စာအုပ်ဈေးပွဲတော်တိုင်း ပါဝင်ပြသခဲ့ကြောင်း၊ ယခုပွဲတော်တွင်လည်း မိမိတို့အနေဖြင့် စာအုပ်အမျိုးအစားပေါင်း ၁၂၆မျိုး ပါဝင်ပြသထားပြီး အထူးလူကြိုက်များသည့် စာအုပ်များဖြစ်သည့် ညီညီနိုင်၏“ငွေရှာနည်း” စာအုပ်အပြင် စာပေပညာရှင်ကြီးများဖြစ်သော ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှားစသည့် စာရေးဆရာကြီးများ၏စာအုပ်များကိုလည်း ပြသထားပါကြောင်း၊ စာအုပ်ဈေးပွဲတော် ကာလအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။ ပန်းရွှေပြည်စာအုပ်တိုက်ထွက်စာအုပ်များသည်အမျိုးအစားစုံလင်လှပြီး ရသ၊ သုတစုံလင်သောစာအုပ်ကောင်းအများအပြား ပါဝင်ကြောင်း တွေ့ရသည်။

ထို့နောက် သီဟရတနာစာပေမှ ထုတ်ဝေသူဦးသိန်းစိုးနှင့် တွေ့ဆုံမေးမြန်းရာတွင် “မိမိတို့ သီဟရတနာစာပေတိုက်အနေဖြင့် ပြည်သူတို့ ဗဟုသုတရှိစေမည့် စာအုပ်ကောင်းများကို ရွေးချယ်တင်ပြထားပါကြောင်း၊စာအုပ်အမျိုးပေါင်း ၁၀၀ ကျော်ပါရှိပြီးအထူးသဖြင့် ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော် မမလေးတို့၏ စာအုပ်များ၊ ချစ်ဦးညို၊ နတ်နွယ်၊ တက်တိုးတို့၏ လက်ရာကောင်း စာအုပ်များအပြင်သုတ၊ရသ စာအုပ်အများအပြားလည်း တင်ပြထားကြောင်း၊ အထူး



စာအုပ်ဈေးပွဲတော်မှာ စာအုပ်ဈေးနှုန်းတွေ အရမ်းသက်သာတယ်၊ စာအုပ်အစုံကိုလည်း တစ်နေရာတည်း တွေ့ရတာမို့ အချိန်ကုန်သက်သာပါတယ်။
မအေးသူဇာ(ဒဂုံမြို့သစ်မြောက်ပိုင်း)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

သဖြင့် ၂၀ရာစု မြန်မာဝတ္ထုတို ၁၀၀၊ စာရေးဆရာ ၁၀၀အမည်ရှိ စာအုပ်ကို ပြသထား ကြောင်း” ပြောကြားသည်။

မြန်မာဝတ္ထုတိုများ

၂၀ ရာစုမြန်မာဝတ္ထုတို ၁၀၀၊ စာရေးဆရာ ၁၀၀အမည်ရှိစာအုပ်မှာ ၁၉၃၁ခုနှစ် ခေတ်စမ်းစာပေ ဆရာမင်းသုဝဏ်မှစပြီး မျက်မှောက်ခေတ်ဆရာအေးမင်းဇောအထိ ပါဝင်သည်။ ခေတ်အလိုက်လူကြိုက်အများဆုံးဝတ္ထုများကိုစုပေါင်းပြီ စာအုပ်အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

ဂုဏ်ထူးစာပေ

တစ်ဖန်ဂုဏ်ထူးစာပေမှ ဦးအောင်မြင့် (မန်နေဂျာ)နှင့် တွေ့ဆုံမေးမြန်းရာတွင် “ဂုဏ်ထူးစာပေအနေဖြင့် ဘာသာရေး၊ ကျန်းမာရေး၊ အထွေထွေဗဟုသုတ၊ ဥပဒေဆိုင်ရာစာအုပ်နှင့် အတ္ထုပ္ပတ္တိစာအုပ်များကို ခင်းကျင်းပြသထားပြီး စာအုပ်ဈေးပွဲတော်ကာလအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ဂုဏ်ထူးစာပေတွင် ထူးထူးခြားခြားအနေဖြင့် တက္ကသိုလ်စိန်တင်နှင့် စိမ့်(ပညာရေး)တို့၏ “ဗုဒ္ဓဂယာ ဓမ္မခရီးသည်” စာအုပ်ဖြစ်သည်။ ဗုဒ္ဓဖွားတော်မူရာဒေသတွင် ဗုဒ္ဓမြတ်စွာ၏ သံဝေဇနိယလေးဌာန အဝိဇာတိ လေးဌာနတို့ကို လေ့လာဖတ်ရှုသူများအတွက် ထူးထူးခြားခြား ဗဟုသုတရရှိစေမည့် စာအုပ်ဖြစ်ကြောင်း” ပြောကြားသည်။ ထို့အပြင် မောင်ရဲနိုင်၏ “အာရှ၏ထိပ်တန်း ဘီလျံနာသူဌေးကြီးဘဝ”စာအုပ်မှာလည်းလူငယ်များ၊ ကြီးပွား ချမ်းသာလိုသူများအတွက် အကျိုးရှိစေမည့် စာအုပ်ပင် ဖြစ်သည်။

ပုဂံစာအုပ်တိုက်

စာအုပ်ဈေးပွဲတော်တွင် ပါဝင်ခင်းကျင်း ရောင်းချနေသည့် ပုဂံစာအုပ်တိုက်မှ ဖြန့်ချိရေးတာဝန်ခံ မချိုမီလှိုင်နှင့် တွေ့ဆုံမေးမြန်းရာတွင် စုစုပေါင်း

အထူးလူကြိုက်များသည့်စာအုပ်များ ပြသထားရောင်း ချ ပေးသွားမှာပါ။
မဖူးဖူးအောင်
(တာဝန်ခံ)
ပန်းရွှေပြည်
စာအုပ်တိုက်
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

စာအုပ်အမျိုးအစား ၆၀ ခန့် ခင်းကျင်းပြသထားကြောင်း၊ ရန်အောင်မောင်မောင်၏ “ထောင်တစ်သက် အတွေ့အကြုံ”၊ ဆင်ဖြူကျွန်းအောင်သိန်း၏ “နေမင်းတစ်ထောင်”၊ ဝင့်ပြုံးမြင့်၏ “သံစဉ်သံလိုင်း စိတ်ခိုင်းစေရာစာအုပ်များ”၊ အမြင်သုတ၊ ရသစာအုပ်အများအပြားပါဝင်ပြသထားကြောင်း၊ ပြည်သူများအတွက် အထူးဈေးနှုန်းများသတ်မှတ်ပြီး ရောင်းချပါကြောင်း” ပြောကြားသည်။ ဘာသာရေးစာအုပ်များအဖြစ် ပါရဂူ၏ “ဂိုအင်ကာနှင့်သူ၏ခေတ်ပြိုင်”များ၊ ဦးလှသောင်း၏ “မြန်မာနိုင်ငံ၏ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်များ” မှာ စိတ်ဝင်စားဖွယ်ရာကောင်းသည့် စာအုပ်များဖြစ်သည်။

ထို့နောက် စာအုပ်ဈေးပွဲတော်သို့ လာရောက် စာအုပ်ဝယ်သူများနှင့် တွေ့ဆုံမေးမြန်းရာတွင် မြောက်ဒဂုံမှ မအေးသူဇာက “စာအုပ်ဈေးပွဲတော်မှာ စာအုပ်ဈေးနှုန်းတွေ အရမ်းသက်သာတယ်။ စာအုပ်အစုံကိုလည်း တစ်နေရာတည်းတွေ့ရတာမို့ အချိန်ကုန် သက်သာတယ်။ ကိုယ် လိုချင်တဲ့ စာအုပ်ကို တစ်နေရာတည်းမှာ တစ်ချိန်တည်း ဈေးနှုန်းသက်သက်သာသာနဲ့ အလွယ်တကူ ဝယ်လို့ရတယ်” ဟု ပြောကြားသွားသည်။ စာအုပ်စာပေ မြတ်နိုးသူများအတွက် အချိန်ကုန်သက်သာကာ ဈေးနှုန်းလည်း ချိုသာသည့်အတွက် စာပေမွေ့လျော်သူတို့ စိတ်ကြိုက်ဖြစ်သည်။

ထို့နောက် စာအုပ်ဈေးပွဲတော်သို့ စာအုပ်လာဝယ်သူ အင်္ဂလိပ်စာအဓိက ဒုတိယနှစ်ကျောင်း သားဖြစ်သူ ကိုမိုးအောင်နှင့် တွေ့ဆုံမေးမြန်းရာ“ အပြင်ထက် စာအုပ်ဈေးနှုန်းက သက်သာတယ်။ စာအုပ်တိုက် ပေါင်းစုံကထွက်တဲ့ စာအုပ်တွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူရတဲ့အတွက်ကျွန်တော်သဘောကျတယ်။ ဒီထက်ကြီးမားတဲ့ စာအုပ်ဈေးပွဲတော်မျိုးပြုလုပ်ရင် ပိုကောင်းမယ်။ စာအုပ်ဈေးပွဲတော်လုပ်တိုင်း စာအုပ်အမြဲ ဝယ်ဖြစ်ပါတယ်” ဟု ပြောကြားသွားသည်။ စာအုပ်ဈေးပွဲတော်အတွင်း လူငယ်လူရွယ်များ စာအုပ်များကို ရွေးချယ်ဝယ်ယူနေကြသည့်မြင်ကွင်းမှာ စာပေအသိပညာဖြည့်ဆည်းမှုတွင်လည်း လူငယ်တို့ အားမနည်းကြောင်း တွေ့ရှိရသည်။

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမ၌ စာအုပ်ဈေးပွဲတော် ဖွင့်လှစ်ရောင်းချပြသလျက်ရှိရာ ဈေးပွဲတော်သို့ လာရောက်လေ့လာဝယ်ယူကြသူများအား ဤသို့တွေ့ရသည်။
ဓာတ်ပုံ—တင်စိုး (မြန်မာ့အလင်း)

ပြည်သူတို့ ဗဟုသုတ ရှိစေမည့် စာအုပ် ကောင်းများကို ရွေးချယ် တင်ပြ ထားပါတယ်။
ဦးသိန်းစိုး
(ထုတ်ဝေသူ)
သီဟရတနာစာပေ
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

တစ်ဖန် စာအုပ်ဈေးပွဲတော်လာ ဦးစိုးအောင်နှင့် တွေ့ဆုံမေးမြန်းရာ “သတင်းစာတွေထဲမှာပါလို့ ဒီနေ့ စာအုပ်ဈေးပွဲတော်ဖွင့်ဖွင့်ချင်း ရောက်လာတာပါ။ စာအုပ်ဈေးပွဲတော်တိုင်း လာဖြစ်တယ်။ စာအုပ်တွေဝယ်တယ်။ သမီးတွေအတွက် ဗေဒင်နဲ့ မိမိအတွက် ဘာသာပြန်နဲ့ ဘာသာရေးစာအုပ်တွေ ဝယ်ဖြစ်ပါတယ်။ စာအုပ်ဈေးပွဲတော်တွေအမြဲပြုလုပ်သင့်ပါတယ်။ စာအုပ်စုံစုံ ဈေးနှုန်းသက်သက်သာသာနဲ့ ဆိုတော့ စာအုပ်ဈေးပွဲတော်မှာ လာရတာ၊ ဝယ်ရတာ ပျော်ပါတယ်” ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စိတ်အာဟာရ

စာအုပ်စာပေသည် လူတိုင်းအတွက် စိတ်အာဟာရဖြစ်ရာ အမြဲမပြတ် ဆည်းပူးဖြည့်ဆည်းအပ်သည့်အရာ ဖြစ်သည်။ အဖိုးမဖြတ်နိုင်သော စာပေဗဟုသုတများကို ပေးစွမ်းနိုင်သည့် စာကောင်းပေမွန်များ ခင်းကျင်းပြသထားရာ စာအုပ်ဈေးပွဲတော်သို့ စာအုပ်ချစ်သူတို့ သွားရောက်လေ့လာသင့်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

စာအုပ်တိုက်ပေါင်းစုံကထွက်တဲ့ စာအုပ်တွေကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူရတဲ့အတွက် သဘောကျပါတယ်။
ကိုမိုးအောင်
အင်္ဂလိပ်စာအဓိက
(ဒုတိယနှစ်ကျောင်းသား)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စားအုန်းဆီသင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ

ရန်ကုန် မေ ၄

နိုင်ငံတော်၏စီစဉ်မှုဖြင့် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံများမှ စားအုန်းဆီများတင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၉၀၀ပါ MT-AMA-3 သင်္ဘောသည် ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။

(အောက်ပုံ)

ထပ်မံ၍လည်း စားအုန်းဆီသင်္ဘောများဆိုက်ကပ်ရန်ရှိပြီး မေ ၇ ရက်တွင် တန် ၂၀၀၀ပါ သင်္ဘောတစ်စင်း၊ မေ ၈ ရက်တွင် တန် ၂၇၀၀ ပါ သင်္ဘောတစ်စင်း ထပ်မံဆိုက်ကပ်မည်ဖြစ်ကာ နောင်တွင်လည်း စားအုန်းဆီသင်္ဘောများ အဆက်မပြတ် ဝင်ရောက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဖောသုတ်စခန်းရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကော့သောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကော့သောင်း-ဘုတ်ပြင်း ကားလမ်းရှိ လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေး ဝဲယာရှိ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ယုဇနကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဖောသုတ်စခန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုသည့် ဓာတ်မြေသြဇာများနှင့် ရောဂါပိုးမွှားနှိမ်နင်းဆေးများကို ကြည့်ရှုကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စခန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့၌ မြေလွတ်မြေရိုင်းများဖော်ထုတ်ပြီး ဆီအုန်းစိုက်ပျိုးရေး စခန်းများကို ဆက်သွယ်တည်ဆောက်နေသည့် အရှည်ပေ ၁၃၀၊ အကျယ် ၁၆ပေရှိ နမ့်နွယ်ချောင်းတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးသည်။

အဆိုပါ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ၁၉၉၉ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ဧက ၂၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ဆီအုန်းဧက ၁၇၇၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် ဆက်လက်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးစခန်း ၁၇ခုတွင် ပျိုးပင်၁၈၀၀၄၀၀ ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံတင်ဘားလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြ၍ စီမံကိန်းဧရိယာအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် အပင်တစ်သိန်းပျိုးထောင်ထားရှိမှုနှင့် ဧက ၂၅၀၀ ဆက်လက်စိုက်ပျိုးနိုင်ရန် ဆီအုန်းပင်များ ပြုစုပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဒါရိုက်တာ ဦးကျော်ဇော်အောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

မေ ၄ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General, Helal Uddin, Ahmed, PSC အား နေပြည်တော်မြို့တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မေ ၄ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Brigadier General ANM Shawkat Jamal, ndc, psc တို့အား နေပြည်တော်မြို့တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီမံကိန်းလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရေးစခန်းအတွင်း လမ်းဖောက်လုပ်ပြီးစီးမှုများနှင့် ခြံလုပ်သားမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ကွက်ပြည့်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တိုးချဲ့စိုက်ပျိုး

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး အီအုန်းများကို ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မာရမ်း/လုံးဖောကြီးဒေသတို့၌ ယုဇနဆီအုန်းစိုက်ပျိုးရေး စီမံကိန်းအတွင်း ဧကတစ်သောင်းအတွက် ဆီအုန်းပင်များ ပျိုးထောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

စီမံဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း လုံးဖောကြီးနှင့် မာရမ်း

ဒဂုံတင်ဘားလီမိတက်သည် တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့တို့၌ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းစတင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ ၈၁၃၈ ဒသမ ၃၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး စိုက်ပျိုးမြေဧက ၁၁၇၀၀ ပြည့်မီ ရရှိရေးအတွက် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့များကို မှာယူထားရှိကြောင်း သိရှိရသည်။

ဆီအုန်းပင်စိုက်ပျိုးပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရိသူရီမြို့ အောင်ဘာကျေးရွာနှင့် တောဝိုင်းကြီးကျေးရွာများအနီးရှိ ပိုကောင်း ကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်း ကော့သောင်းဒေသ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြ၍ ကုမ္ပဏီ၏ ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရေးရာသီတွင် ဆီအုန်းစိုက်ပျိုးရန် တောခုတ်မြေရှင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့က ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြပြီး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးအေးမောင်က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို နှစ်အလိုက်တိုးချဲ့စိုက်ပျိုးခဲ့မှုအခြေအနေ၊ ဆီအုန်းခြံကြီးများအတွင်း လိုအပ်သော အဓိကကုန်ထုတ် လမ်းမကြီးများနှင့် လမ်းသွယ်များ ဖောက်လုပ်မှုအခြေအနေ၊ ဆီအုန်းသီးခိုင်များမှ ဆီအုန်းထွက်ရှိမှုအခြေအနေနှင့် စီမံကိန်းတွင် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပြည်တွင်း၌ စားသုံးဆီသန့်စက်များ တည်ဆောက်၍ ဆီအုန်းဆီကြမ်းမှ စားသုံးဆီသန့်များနှင့် စက်မှုလုပ်ငန်းသုံး ဆီကြမ်းများကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်သွားနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို ၁၉၉၉ခုနှစ်မှ စတင်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ဧက ၁၁၅၀၀ ပြည့်မီရေးအတွက် နှစ်စဉ် ဧက ၅၀၀ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကရိသူရီမြို့သို့ ရောက်ရှိကြပြီး ကရိသူရီမြို့ (၁၆-ခုတင်ဆံ့) ပြည်သူ့ဆေးရုံ ဆေးရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ဆေးရုံတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေး တာဝန်ခံ ဦးအောင်ကျော်က ဆေးရုံတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးရုံကို စံချိန်စံညွှန်းမီစွာ တည်ဆောက်ရေး၊ ဆေးရုံအင်္ဂါရပ်နှင့်အညီ တည်ဆောက်သွားရေးတို့ကို မှာကြားသည်။

ကျောက်ကြီးချောင်းတံတား

အဆိုပါ ကရိသူရီမြို့ ပြည်သူ့ဆေးရုံသည် အလျားပေ ၈၀၊ အနံပေ ၄၀၊ အမြင့် ၁၄ပေရှိပြီး RCတစ်ထပ် အဆောက်အအုံ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကရိသူရီ-ဘုတ်ပြင်း ကားလမ်းပိုင်းအခြေအနေကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ဟန်ကပြုကျေးရွာအနီး ကျောက်ကြီးချောင်းကို ဖြတ်ကျော်တည်ဆောက်နေသည့် အရှည်ပေ ၇၀၊ အကျယ် ၂၈ပေရှိ ကျောက်ကြီးချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တနင်္သာရီတိုင်း၏ အရေးပါသော ကော့သောင်း-ရန်ကုန် ကားလမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်၍ မိုးမကျမီ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြရေး မှာကြားသည်။

ကိုတင်ပြင်ဆင်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်း-ဘုတ်ပြင်း ကားလမ်း စီမံကိန်းတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လမ်းတစ်လျှောက်၌ ကြည့်ရှုစစ်ဆေးကြပြီး ကရိသူရီမြို့ ဟန်ကပြုကျေးရွာအနီး လမ်းပိုင်း၌ လမ်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တာဝန်ရှိသူများအား မိုးမကျမီ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိကြရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဆီကြမ်းစက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စက်ရုံဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား စီမံကိန်းတာဝန်ခံ ဦးမောင်မောင်လတ်က တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း၏ နှစ်အလိုက်တိုးချဲ့စိုက်ပျိုးခဲ့မှု၊ ၂၀၀၇ခုနှစ်တွင် စိုက်ပျိုးနိုင်ရန် ဧကသုံးသောင်း ပျိုးထောင်ထားရှိမှု၊ ၂၀၀၅ခုနှစ်အထိ ၅၆၉၂ ဒသမ၅၅ ဧကစိုက်ပျိုးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက နိုင်ငံတော်မှ လုပ်ငန်းရှင်များအပေါ် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းအတွက် အားထားပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧက တိုးတက်များပြားအောင် ကြိုးပမ်းစိုက်ပျိုးသွားခြင်းဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်ကြရေးမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဘုတ်ပြင်းတပ်နယ် ဧည့်ရိပ်သာခန်းမ၌ ဘုတ်ပြင်းတပ်နယ်မှ အရာရှိများ၊ မိသားစုဝင်များ၊ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် တာဝန်ဝတ္တရားများကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

✡ *ကျော့ဖုံးမှ*

တည်ထောင်ထားရှိသဖြင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့်စုစုစည်းစည်းရှိပြီး မိမိတို့ တတ်ကျွမ်းထားသည့် စက်မှုပညာများကို အမြင်ချင်းဖလှယ်နိုင်ရန်လည်းဖြစ်ကြောင်း၊ စက်ပစ္စည်းဝယ်လိုသူများအနေဖြင့်လည်း ၎င်းတို့ဝယ်လိုသည့် စက်ပစ္စည်းအမယ်အမျိုးမျိုးကို တစ်နေရာတည်း၌ စုစည်းရရှိနိုင်ကြောင်း၊ စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ကလေးမြို့ စက်မှုဇုန်အနေဖြင့် ချင်းပြည်နယ် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များကလည်း နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများနှင့် အခြားစက်မှုဇုန်များသို့ သွားရောက် ကြည့်ရှုလေ့လာ၍ နည်းလမ်းရှာကာ လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ စက်မှုဇုန်၏ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်သွားကြရန်နှင့် စက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးမြို့ စက်မှုဇုန် ကုန်ထုတ်ပစ္စည်းပြခန်းသို့ သွားရောက်၍ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသေးစား ရေအားလျှပ်စစ်သုံး ပစ္စည်းကိရိယာများနှင့် လယ်ယာသုံး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ကလေးတပ်နယ် အောင်ဆန်းခန်းမ၌ စစ်ကိုင်းတိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကလေးခရိုင်နှင့် ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကလေးဒေသ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းဆောင်ရွက်ကြသည့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ကျေးဇူးတင် ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ မိသားစုဝင်ငွေ ပိုမိုတိုးပွားရေးနှင့် နိုင်ငံတော်၏ လိုအပ်သော စွမ်းအင်ဖြည့်ဆည်းရေးအတွက် ခြစ်စည်းရိုးကြက်ဆူပင်ကို သတ်မှတ်လျာထားသည့်ဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် တစ်ဦးချင်းမှသည် စုပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ကလေးမြို့၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော ဝင်းသူဇာအရောင်းဆိုင်ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ကလေးမြို့နယ် ဌာနဆိုင်ရာများ ခြစ်စည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလွင်မိုးက ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးသွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က သတ်မှတ်ကာလအတွင်း အောင်မြင်စွာ စိုက်ပျိုးပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကလေးမြို့နယ် ကျီကုန်းကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော မဟာသာကပဋ္ဌာနရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ် အပူဇော်ခံယူတော်မူမည့် ဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျီကုန်းတပ်နယ်ခန်းမ၌ ကျီကုန်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများအားတွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို ဒေသတွင်း စံနမူနာပြဆောင်ရွက်ရေး၊ ခြစ်စည်းရိုးကြက်ဆူပင်ကို တပ်ရင်း၊တပ်ဖွဲ့အလိုက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရေး အပြင် ဒေသနှင့်ကိုက်ညီမည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးသွားကြရန် အကျယ်တဝင့်မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာရှိ ရော်ဘာစံပြစိုက်ခင်းသို့ ရောက်ရှိကြပြီး ရော်ဘာစံပြစိုက်ခင်းအတွင်း လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

အချိန်မီစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကျီကုန်းတပ်နယ်ရှိ နယ်မြေခံတပ်၌ ပျိုးထောင်ထားသော ခြစ်စည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် စခန်းကြီးကျေးရွာ၌ ကျင်းပသည့် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက် အားပေးကြပြီး ဒေသခံပြည်သူများနှင့်အတူ ခြစ်စည်းရိုးကြက်ဆူပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် ကန်သာယာကျေးရွာအနီး၌ ကျင်းပသည့် ကျီကုန်းတပ်နယ် မိသားစု၏ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ ကျီကုန်းတပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်ဝင်းက တပ်နယ်အတွင်း ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့နယ် စော်ဘွားရေရှင်ကျေးရွာအနီးရှိ ကျီကုန်းတပ်နယ် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တမူးမြို့နယ် ခါမ်းပါတ်မြို့သို့ ရောက်ရှိကြပြီး ခါမ်းပါတ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေပတီးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရေး၊ မြို့သာယာလှပအောင် စနစ်တကျဆောင်ရွက်ရေး၊ နှစ်ရှည်ရော်ဘာပင်များနှင့် ခြစ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ခါမ်းပါတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျန်စစ်သားကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် တိုက်နယ်ဆေးရုံရှိ ခွဲစိတ်ခန်း၊ လူနာဆောင်နှင့် ဓာတ်မှန်ဆောင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ တမူးမြို့ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ ရော်ဘာပျိုးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်နှင့် တာဝန်ရှိသူတို့က ရော်ဘာဧက ၂၀၀၀ စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ရော်ဘာပျိုးခြံအတွင်း တိုက်ရိုက်စိုက်အပင် ၁၅၀၀၀၀ နှင့် ကိုင်းပွားပင် ၅၀၀၀၀ တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တမူးမြို့သို့ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ကံကြီးဝတံတား(တမူး) တည်ဆောက်ရေးလုပ်ငန်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကံကြီးဝတံတား(တမူး)

ကံကြီးဝတံတား (တမူး)သည် တမူးမြို့နယ် တမူး–စေတီလမ်းပေါ်၌ တည်ဆောက်လျက်ရှိပြီး တံတားအရှည်မှာ ပေ ၃၆၀၊ အကျယ် ၃၆ ပေဖြစ်၍ သံကူကွန်ကရစ်ယက်မများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး မြို့သာယာလှပရေး၊ သန့်ရှင်းရေး၊ ကုန်သွယ်မှုစနစ် မှန်ကန်စွာ ဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီမည့် ရော်ဘာများ တိုးချဲ့စိုက်ပျိုးရေး၊ ခြစ်စည်းရိုးကြက်ဆူပင်များ သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးရေး ဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများက စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခါမ်းပါတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျန်စစ်သားကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး အလေးထားဆောင်ရွက်လျက်ရှိ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသူများအား ကယ်တင်စောင့်ရှောက်နိုင်ခဲ့

ရန်ကုန် မေ ၄

ကမ္ဘာပေါ်တွင် လိင်မှုဆိုင်ရာ အမြတ်ထုတ်ရန်အတွက်လည်းကောင်း၊ အတင်းအကြပ်စေခိုင်းရန်အတွက်လည်းကောင်း လူကုန်ကူးမှုများ နိုင်ငံအားလုံး၌ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ လူကုန်ကူးမှုသည် လူသားတို့၏အရှက်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် မြန်မာလူမျိုးတို့ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပါ ထိပါးပျက်စီးစေသည့်အတွက် နိုင်ငံတော်က လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ပြည်တွင်း၌ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာ/ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တားဆီးတိုက်ဖျက်လျက်ရှိသည်။

ဖမ်းဆီးရမိ

ယင်းသို့ တားဆီးတိုက်ဖျက်နိုင်မှုကြောင့် ပြီးခဲ့သည့် ဧပြီလအတွင်း မူဆယ်မြို့နယ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန် လှည့်စားခေါ်ဆောင်ခံရသည့် တိုင်းရင်းသူ ရှစ်ဦးအား မူဆယ်မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့က တစ်ဖက်နိုင်ငံ ကျယ်ဖန်မြို့ ရဲတပ်ဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် ကယ်တင်စောင့်ရှောက်နိုင်ခဲ့ပြီး တရားခံနှစ်ဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ သိန်းနီမြို့နယ် ပန်လော့ရွာနေ အိုက်ရွှေ(၄၁ နှစ်)နှင့် မအေးလီ(၃၁ နှစ်)တို့က သိန်းနီမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ တိုင်းရင်းသူ ရှစ်ဦးကို မူဆယ်မြို့နယ် နမ့်အွမ်ရွာတွင် ကြံခုတ်လုပ်ငန်း လုပ်ဆောင်ရန်ရှိသည်ဟု လိမ်လည်လှည့်ဖျားပြီး ဧပြီ ၅ ရက် ညပိုင်းက မူဆယ်မြို့အနီး ပန်ခန်းလေ့ဆိပ်မှတစ်ဆင့် တစ်ဖက်နိုင်ငံ ကျယ်ဖန်မြို့ရှိ တည်းခိုခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။

ပြန်လည်ရောက်ရှိ

၎င်းတည်းခိုခန်းတွင် ရောက်ရှိနေစဉ် တရားခံ အိုက်ရွှေနှင့် မအေးလီတို့က ကြံခုတ်လုပ်ငန်းအဆင်မပြေတော့၍ တစ်ဦးလျှင် ခေါ်ဆောင်လာစရိတ် ငွေကျပ်တစ်သိန်းကျော် ပြန်လည်ပေးဆပ်နိုင်ရန်အတွက် မြန်မာတိုင်းရင်းသူ အမျိုးသမီးများ လက်မခံနိုင်သည့်လုပ်ရပ်များ လုပ်ရမည်ဟု အတင်းအဓမ္မ သိမ်းသွင်းနေသဖြင့် ကိုယ်လွတ်ရန်းပြီး ပြန်လည်ထွက်ပြေးခဲ့ကြရာ တိုင်းရင်းသူ ရှစ်ဦးအနက် ငါးဦးသည် ဧပြီ ၁၄ ရက်၌ ၎င်းတို့၏ ဇာတိရပ်ရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ရှာဖွေကယ်တင်ခဲ့

ကျန်ရစ်သူသုံးဦးအား ကျယ်ဖန်မြို့ရှိ အိုက်စံဆိုသူ၏ နေအိမ်၌ သော့ခတ်လှောင်ပိတ်ထားရာမှ ဧပြီ ၁၅ ရက်၌ တစ်ဦး ထပ်မံထွက်ပြေးလွတ်မြောက်လာရာ မူဆယ်မြို့နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့က ကယ်တင်စောင့်ရှောက်ထားပြီး ကျယ်ဖန်မြို့ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဧပြီ ၁၆ ရက်၌ ကျန်ရစ်သူနှစ်ဦးအား ရှာဖွေကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

ယခုကဲ့သို့ လူကုန်ကူးခံရမှုမှ ပြန်လည်လွတ်မြောက်လာသူ ငါးဦးနှင့် အချိန်မီ ကယ်တင်စောင့်ရှောက်နိုင်ခဲ့သူ သုံးဦးတို့အား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက နှစ်သိမ့် ဆွေးနွေးအားပေးခြင်း၊ လူကုန်ကူးခြင်းခံရမှု၏ ဆိုးကျိုးများကို ရှင်းလင်းပြောကြားခြင်း၊ လိုအပ်သော လူမှုရေးအခက်အခဲများအတွက် ကူညီပံ့ပိုးပေးခြင်းများဆောင်ရွက်ပြီး အုပ်ထိန်းသူ မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံခဲ့ကြောင်းနှင့် လူကုန်ကူးမှုကျူးလွန်ခဲ့သူ တရားခံများအား သိန်းနီမြို့နယ် ရဲတပ်ဖွဲ့က အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

အဆိုပါ နောင်ချိုမြို့နယ် ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကိုးဦးတို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် တိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တိုးတက်အောင် ကူညီ၍ တစ်ဖက်တစ်လမ်းမှ ကြိုးစားဆောင်ရွက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) သို့ ၁၉၈၈ ခုနှစ်မှစ၍ နောင်ချိုမြို့၌ ဝင်ရောက်ခဲ့ပါကြောင်း၊ ယနေ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုများကို ပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေပြီး ပြည်ထောင်စုပြိုကွဲစေရန် လုပ်ဆောင်နေသည့်အသွင်ရောက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းအပြင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်နေသည်ကိုလည်း တွေ့ရှိနေရပြီး နိုင်ငံတော်၏တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ရေးရှုလုပ်ဆောင်နေသည်ကို တွေ့မြင်လာရပါကြောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသကဲ့သို့ အားပေးကူညီ ဆောင်ရွက်ပေးနိုင်ခဲ့မှုလည်း မရှိခဲ့ပါကြောင်း၊ ထို့အပြင် ၎င်းတို့ဒေသတွင်းသို့ နှောင့်ယှက်ဖျက်ဆီးရန် အကြံအစည်အမျိုးမျိုးဖြင့် ကျူးကျော်ဝင်ရောက်လာသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေပြု SSA-S စဝ်ခွန်ကျော်(ခ)သံချောင်း ဦးစီးသည့် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ကို တပ်မတော်က ဒေသခံတိုင်းရင်းသား ပြည်သူလူထုနှင့်ပူးပေါင်းကာ ပြတ်ပြတ်သားသား အချိန်မီချေမှုန်းဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည့် အောင်မြင်သောဆောင်ရွက်ခဲ့မှုများ၌ ၎င်းတို့အနေဖြင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအတွက် ဒေသခံတိုင်းရင်းသား ပြည်သူလူထုနှင့် လက်တွေ့ကျကျ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့သည်မှာ ၎င်းတို့ SNLDပါတီ၏ မှားယွင်းသောအယူအဆများ လွှမ်းမိုးနေမှု၊ အတ္တကြီးပြီး “ဘယ်သူသေသေ ငတေမာပြီးရော”ဆိုသည့် အာဏာရရှိရေးကိုသာ အဓိကထားနေမှုကြောင့်သာဖြစ်သည်ဟု ၎င်းတို့ သဘောပေါက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၏ မှားယွင်းနေသော ရပ်တည် လှုပ်ရှားဆောင်ရွက်နေမှုလမ်းကြောင်းများကို မျက်ဝါးထင်ထင် သိမြင်လာရသည့်အတွက်ကြောင့်လည်းကောင်း၊ ၎င်းတို့ ရှမ်းတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာတိုးတက်နေမှုတို့ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီမှု အနည်းငယ်မျှလောက်ပင် စွမ်းဆောင်ပေးနိုင်ခဲ့မှုမရှိခဲ့သောကြောင့် လည်းကောင်း၊ ၎င်းတို့အနေဖြင့် ယင်းရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် ဆက်လက်ပါဝင်၍ လှုပ်ရှားရန် အလိုမရှိတော့သဖြင့် ၎င်းတို့၏ ကိုယ်တိုင်နုတ်ထွက်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ဧပြီ ၂၀ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ ၎င်းတို့သည် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားညီအစ်ကိုများနှင့် လွတ်လပ်စွာပူးပေါင်းပြီး ၎င်းတို့၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လိုသည့်အတွက် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီမှ ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအရ လက်မှတ်ရေးထိုး နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။

နောင်ချိုမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ကို မူလကပါတီဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ဥက္ကဋ္ဌ ဦးစိုင်းထွန်းကြည်ပါ ပါတီဝင် ကိုးဦးတို့သည် ကိုယ်တိုင်ဆန္ဒအလျောက် စုပေါင်းလက်မှတ်ရေးထိုး၍ နုတ်ထွက်စာ ပေးပို့နုတ်ထွက်ခဲ့ပြီး ကျန်ပါတီဝင် သုံးဦးအနက် ဦးစိုင်းသန်းထွန်း(အတွင်းရေးမှူး၊ မဲတောရွာ)မှာ အခြားဒေသသို့ ပြောင်းရွှေ့သွားကာ ဦးစိုင်းဝင်းမြင့်(ခ)ဦးဝိစိန္တာ(အဖွဲ့ဝင်)နှင့် ဦးစာလိန္ဒ(ဒုတိယဥက္ကဋ္ဌ)တို့မှာ ကွယ်လွန်သွားကြပြီးဖြစ်၍ နောင်ချိုမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၌ လက်ကျန်ပါတီဝင် မရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

"မာလာ" မုန်တိုင်းကို ရင်ဆိုင်ကျော်လွှားခြင်း

မောင်ထွန်းလွင်
(မိုးလေဝသ)

၂၀၀၆ခုနှစ်ဟာ လာနီညာဖြစ်နိုင်တဲ့ နှစ်တစ်နှစ် ဖြစ်တာကြောင့် စွတ်စိုမယ်၊ မိုးပိုမယ်၊ မုန်တိုင်းတွေ အဖြစ်များမယ်၊ အပူလျော့မယ်လို့ နှစ်စကတည်းက ကျွန်တော့်ကို မေးလာသူတွေကို ပြောခဲ့ပါတယ်။ ဒါပေမယ့် လာနီညာဖြစ်မဖြစ်ကိုတော့ ဇွန်လလောက်မှ အတည်ပြု နိုင်ပါလိမ့်မယ်လို့လဲ စကားခံထားခဲ့ပါ တယ်။ အခုတော့ လာနီညာဖြစ်မယ့် အလားအလာ ဟာ ၃၀ရာခိုင်နှုန်းခန့်သာ ရှိတော့တဲ့အတွက် အားနည်းတဲ့ လာနီညာဖြစ်ဖို့သာ များနေပါတယ်။ ဒါပေမယ့် လာနီညာဖြစ်ဖို့ကသာ အလားအလာ လျော့သွားခဲ့တယ်၊ မုန်တိုင်းအဖြစ်များမယ်၊ မိုးပို မယ်ဆိုတာတွေကတော့ ၂၀၀၆ခုနှစ်အတွက် "စက တည်းက ယဉ်သကို"ဖြစ်လို့နေပါပြီ။

ဧပြီလ ၂၄ရက်နေ့မှာ ကပ္ပလီကျွန်းစုအနီးမှာ အစပျိုးဖြစ်ပေါ်ခဲ့တဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခု ဟာပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်တစ်ခု ဖြစ်လာ ခဲ့ပါတယ်။ အဲဒီမုန်တိုင်းငယ်(လေတိုက်နှုန်း တစ်နာရီ ၃၂မိုင်မှ ၃၈ မိုင်)ဟာ အနောက်မြောက်ယွန်းယွန်းကို စတင်ရွေ့လျားလာခဲ့ရင်း ပိုမို အားကောင်းလာပြီး အပူပိုင်းမုန်တိုင်း(လေတိုက်နှုန်း တစ်နာရီ ၃၉ မိုင်မှ ၅၄မိုင်)အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနောက် ရွေ့လျားမှုနှေးလာပြီး ရေပြင်ပေါ်မှာ ဆက်လက် အားကောင်းလာတဲ့အတွက် ဆိုင်ကလုန်းမုန်တိုင်း (လေတိုက်နှုန်း တစ်နာရီ ၅၅ မိုင်မှ ၇၂မိုင်)အဖြစ်ကို ရောက်ရှိလာခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ကို ရောက်လာပြီးမှ မြောက်ဘက်အရပ်ကို ရွေ့လာခဲ့ပြန်ပါ တယ်။ အဲဒီမှာ ပိုမိုအားကောင်းလာပြီး အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး (လေတိုက်နှုန်း တစ်နာရီ ၇၃ မိုင်အထက်)အဖြစ်ကို ရောက်လာပါတော့တယ်။

အဲဒီနောက်မြောက်ဘက်အရပ်ကို သွားနေရာက အရှေ့မြောက်ဘက်ကို ဦးတည်ရာဖက်တိမ်းပြီး မြန်မာ့ ကမ်းရိုးတန်းဆီကို ဦးတည်ရွေ့လျားတော့တာပါပဲ။ အဲဒီမှာ ပိုမိုအားကောင်းလာပြန်ပြီး မုန်တိုင်းမျက်စိ ပေါ်တဲ့အထိ အဆင့်တက်လာပြန်တဲ့အတွက် "ဟာရီ ကိန်းတမျှ ပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး" (လေတိုက်နှုန်းတစ်နာရီမိုင် ၁၂၀အထက်)အဖြစ် အမြင့် ဆုံးအဆင့်ကို ရောက်လာခဲ့ပြန်ပါတယ်။ အဲဒီနေ့ဟာ ဧပြီ ၂၈ရက်နေ့ဖြစ်နေပါပြီ။ အဲဒီအချိန်မှာ မုန်တိုင်းကြီး မှာ"မုန်တိုင်းမျက်စိ" ထင်ထင်ရှားရှားကြီး ပေါ်နေပါပြီ။ မုန်တိုင်းရဲ့ အချင်းဝက်ဟာလဲ မိုင်၂၀၀လောက် ရှိနေတဲ့ အတွက် မုန်တိုင်းဗဟိုချက်ဟာ ပုသိမ်မြို့ရဲ့ အနောက် တောင်ဘက် မိုင်၁၅၀လောက်ဝေးတဲ့ ပင်လယ်ပြင် ပေါ်မှာရှိနေဆဲကတည်းက မုန်တိုင်းကြီးရဲ့ စက်ကွင်း ဟာ ဧရာဝတီတိုင်းရဲ့ အနောက်တောင်ဘက်ကမ်း ခြေတွေကို စတင်ထိဝင်စပြုနေပါပြီ။ ပရိပဲရစ်ကျွန်း၊ ဟိုင်းကြီးကျွန်း၊ မော်တင်စွန်း၊ ကျောက်ကလပ် စတဲ့ ဒေသတွေမှာ တစ်နာရီ ၄၅မိုင်လောက်ရှိတဲ့ လေပြင်း များ စတင်တိုက်ခတ်စပြုနေပါပြီ။ ဒါပေမယ့် မုန်တိုင်း ကြီးရဲ့ ဗဟိုချက်အနီးတစ်ဝိုက်မှာတော့ လေတိုက် နှုန်းဟာ တစ်နာရီ မိုင် ၁၅၀ လောက်ရှိနေခဲ့ပါတယ်။

ဒါပေမယ့် ကံကောင်းချင်တော့ အရှေ့မြောက် ဘက် အရပ် ရခိုင်ကမ်းခြေတောင်ပိုင်းနဲ့ ဧရာဝတီတိုင်း အစပ်ဒေသဆီကို ဦးတည်ချဉ်းကပ်လာတဲ့ မုန်တိုင်းကြီး ဟာ ကမ်းခြေနဲ့ ဗဟိုချက် မိုင် ၁၀၀ကျော်လောက် အကွာ ရောက်တဲ့အခါမှာတော့ အင်အား တစ်ဆင့်ပြန် လျော့သွားပြီး မုန်တိုင်းမျက်စိလဲ ပျောက်သွားခဲ့ပါ တယ်။ ဗဟိုချက်ဝန်းကျင်မှာ တိုက်ခတ်နေတဲ့ လေ တိုက်နှုန်းဟာလဲ တစ်နာရီ မိုင်၁၂၀လောက်အထိ ကျသွား ခဲ့ပါတယ်။ မုန်တိုင်းကြီးရဲ့ ရှေ့မျက်နှာစာ အပိုင်းတွေ ကလဲ ဧရာဝတီတိုင်း အနောက်ဘက်ကမ်း ခြေဒေသ များကိုသာမက ရန်ကုန်တိုင်းအစပ်ဒေသ များကိုလဲ စတင်ဖြတ်သန်းလျက်ရှိနေပါပြီ။ ဧပြီလ ၂၉ရက်နေ့ နံနက်ပိုင်းမှာတော့ မုန်တိုင်းကြီးရဲ့ ဗဟို ချက်ဟာ ချောင်းသာကမ်းခြေရဲ့ အနောက်ဘက် တည့်တည့် ၂၈မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု နေခဲ့ပါပြီ။ ဒီအချိန်မှာ ချောင်းသာကမ်းခြေဟာ မုန်တိုင်း ဗဟိုချက်ရဲ့ ရွေ့လျားရာ ရှေ့ညာဘက်မှာ ရှိနေသေးတဲ့ အတွက်လေတွေဟာကုန်းမှပင်လယ်ဘက်ကို တိုက်နေ ခဲ့ပြီး ရေတွေ မတက်သေးပါဘူး။ ဟိုင်းကြီးကျွန်းတို့၊ ကျောက်ကလပ်တို့မှာတော့ အလဲလဲအပြိုပြို ဖြစ်နေ ပါပြီ။

ဆိုင်ကလုန်းမုန်တိုင်းကြီးအဆင့်ကို ပြန်လျော့ကျ ရောက်လာပြီဖြစ်တဲ့ မုန်တိုင်းကြီးဟာ ရခိုင်ကမ်းရိုးတန်း တောင်ပိုင်း "ဂွ"မြို့ဆီကို ဆက်လက် ရွေ့လာတဲ့အခါ မှာတော့ ချောင်းသာကမ်းခြေဟာ မုန်တိုင်းဗဟိုချက်နဲ့ ရင်ပေါင်တန်း အနေအထားမှနေပြီး နောက်ဘက် ကို ရောက်ရှိသွားတဲ့အချိန်မှာတော့ ချောင်းသာမှာ လေတိုက်ရာလမ်းကြောင်းဟာ ရုတ်တရက် ပြောင်းလဲ သွားပြီး ပင်လယ်ဘက်မှလေများဟာ ကုန်းတွင်းပိုင်း ဘက်ကို တိုက်လာတော့တာနဲ့အတူ ပင်လယ်ပြင်မှ "မုန်တိုင်းဒီရေ"များ ချောင်းသာကမ်းခြေကို အရှိန်နဲ့ တိုးဝင်လာတော့တာပါပဲ။ အဲဒီအချိန်ဟာ နံနက် ၁၀နာရီခွဲခန့် အချိန်ဖြစ်ပါတယ်။ မုန်တိုင်းဒီရေတွေဟာ ပုံမှန် ဒီရေအမြင့်ရဲ့အထက် ၁၁ပေ လောက်အထိ ကျော်လွန်တက်ခဲ့တဲ့အတွက် ဟိုတယ်တွေ၊ လမ်းတွေ အထိ ရေတွေတိုးဝင်လာရာမှာ လမ်းမပေါ်မှာဆိုရင် ရင်ခေါင်းလောက်အထိ ရောက်တဲ့တိုင်အောင်ပါပဲ။ ဒီအချိန်မှာ မုန်တိုင်းရဲ့ဗဟိုချက်ဟာ ကမ်းကို မဖြတ် သေးပါဘူး။ ဂွမြို့ရဲ့ အနောက် တောင်ဘက် မိုင် ၂၀ လောက်အကွာ ရေပြင်ပေါ်မှာရှိနေဆဲ ဖြစ်ပါတယ်။ ဂွမြို့မှာတော့ တစ်နာရီမိုင် ၈၀ ခန့်ပြင်းထန်တဲ့ လေတွေ

စာမျက်နှာ ၁၁ ကော်လံ ၁သို့



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းများ ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၄

တပ်မတော်ဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများသည် ဆရာ ဆရာမများဦးဆောင်၍ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဗိုလ်လောင်းများသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တပ်မတော် ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများအား နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၀၆ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၂၅	၉။	သံလွင်တံတား(တာပါး)
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၁၆:၅၅	၅။	တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀	၈။	**"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၃၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၀	၁၀။	ဖွံ့ဖြိုးတိုးတက်ဝေဆာ တောင်နီစံပြကျေးရွာ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သုတစုံလင်ရွှေညာဏ်ရှင်
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၆)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၃)
	၁၉။	**"သက်စွန့်ဆံဖျား"** နေထက်လင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ ဆုပန်ထွာ၊ ပုလဲဝင်း (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)

MRTV-4 အစီအစဉ်

၅-၅-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
၇:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၂၅	ပိန်ခြင်း ဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့ အသားအရေ လှပခြင်း
၇:၃၅	Myanmar Video Rhythm
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ပေါင်းစုအင်အား အခြေခံ သမဝါယမအားမာန်
၈:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	အသုံးပြုစရာ ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့
၉:၂၀	မိုးလေဝသခန့်မှန်းချက်
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	လူငယ်အာဟာရ (ဟန်ထူးလွင်) (Big Bag နှင့် တွေ့ဆုံခြင်း)
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ယဉ်ကျေးမှုတက္ကသိုလ်(ဂီတဌာန)
၁၀:၅၅	ပြည်တွင်း သတင်းအကျဉ်း
၁၁:၀၅	ပေါ့ပေါ့ပါးပါး မြန်မြန်ဆန်ဆန်
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	Video Magazine
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

တိုက်နေပါပြီ။ ချောင်းသာကမ်းခြေရဲ့ အနောက်ဘက်ရေပြင်ပေါ်ကနေ အရှေ့မြောက်ယွန်းယွန်းကို ဦးတည်ပြီး ဂွမြို့ရှိရာကို ဆက်လက် ရွေ့လျားနေခဲ့ပါတယ်။ အဲဒီဗဟိုချက်ဟာနောက်နှစ်နာရီခန့်အကြာ ၂၉ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲခန့်မှာမှ ဂွမြို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒီအချိန်မှာတော့ ဂွမြို့မှာ လေအပြင်းထန်ဆုံးဖြစ်ပြီး တစ်နာရီမိုင် ၁၂၀လောက်အထိ တိုက်ခတ်ခဲ့ပါတယ်။ ဒီအချိန်မှာ ချောင်းသာမှာတော့ ရေပြန်ကျစပြုနေပြီဖြစ်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းဟာ ဂွမြို့အနီးကနေ ကမ်းခြေကို ဖြတ်ကျော်ပြီး ကုန်းတွင်းပိုင်းကို ဝင်ရောက်ခဲ့ပြီးတဲ့နောက် ပျက်ပြယ်မသွားဘဲ ကုန်းတွင်းမုန်တိုင်းအဖြစ်နဲ့ ဆက်လက်တည်ရှိနေခဲ့ပြန်ပါတယ်။ ရိုးမကိုကျော်ပြီးတဲ့ နောက် အရှေ့မြောက်အရပ်ကို ဦးတည်ကာ မြန်မာနိုင်ငံအတွင်းပိုင်း ဒေသများကို ဆက်လက်ဖြတ်သန်းသွားခဲ့ပြန်တဲ့အတွက် ပြည်မြို့မှာ ည ၁၀နာရီလောက်မှာ တစ်နာရီမိုင် ၈၀လောက်ရှိတဲ့ လေပြင်းတွေ တိုက်သွားခဲ့တာကို တွေ့ရပါတယ်။အဲဒီနောက်မှာတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီကို ဆက်လက် ဦးတည်သွားရင်းနဲ့ ရေငွေ့ပံ့ပိုးမှုမရတော့တဲ့ကုန်းတွင်း မုန်တိုင်းတို့ရဲ့ သဘာဝအတိုင်း ဧပြီလ ၃၀ရက်နေ့ နံနက်ပိုင်းလောက်မှာ အားပျော့ပျက်ပြယ်သွားခဲ့ပါတယ်။

ဒီနေရာမှာ အပူပိုင်း မုန်တိုင်းများအကြောင်း အနည်းငယ်ကြားဖြတ်ပြီး ပြောလိုပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတွေရဲ့ လေတိုက်နှုန်းဟာ အနိမ့်ဆုံး တစ်နာရီမိုင်၄၀နှုန်းလောက်ကနေ အမြင့်ဆုံး တစ်နာရီ မိုင်၂၄၀လောက်အထိ ရှိတတ်ပါတယ်။ လေတိုက်နှုန်း တစ်နာရီ၇၅မိုင်နှုန်းရဲ့အထက် ကျော်လွန်လာရင် အားအလွန်ကောင်းလာပြီလို့ သတ်မှတ်ပါတယ်။ ဒီအဆင့်ရောက်လာတဲ့ မုန်တိုင်းတွေကို မုန်တိုင်းဖြစ်တဲ့ အရပ်ဒေသကိုလိုက်လို့ ဟာရီကိန်း(စပိန်-မုန်တိုင်းများ၏သခင်)၊ တိုင်ဖွန်း (တရုတ်-ကြီးမားသောလေ)၊ ဆိုင်ကလုန်း(ဂရိစကား-ခွေနေသောမြွေ)၊ ဝီလီဝီလီစတဲ့ ဒေသအမည်တွေနဲ့ ခေါ်ကြပါတယ်။ တစ်ခါ အဲဒီအဆင့် ရောက်လာတဲ့မုန်တိုင်းတွေကို လူအမည်တွေနဲ့လဲတွဲပြီး သုံးလာကြပါ တယ်။ ဥပမာ ကက်ထရီနာ(Katrina)၊ ရီတာ(Rita)၊ အင်ဒရူး (Andrew) စသဖြင့် ခေါ်ဝေါ်လေ့ရှိပါတယ်။ အစကတော့ အမျိုးသမီး အမည်တွေကို အသုံးများခဲ့ပါတယ်။ ခန့်မှန်းရခက်ခဲတာကို အကြောင်းပြုပြီး သုံးခဲ့ကြတယ်လို့လဲ ဆိုကြပါတယ်။ အခုတော့ အမျိုးသမီး၊ အမျိုးသား နှစ်မျိုးလုံးရဲ့ အမည်တွေကို သုံးနေကြပါပြီ။ ဘာပဲပြောပြော တစ်နည်းပြောရရင် အမည်တပ်ထားတဲ့ မုန်တိုင်း-ဟာရီကိန်း၊ တိုင်ဖွန်း၊ ဆိုင်ကလုန်း၊ ဝီလီဝီလီလို့ ခေါ်ထားတဲ့ မုန်တိုင်းဆိုတာနဲ့ အားအလွန်ကောင်းတဲ့ မုန်တိုင်းဆိုတာ သိနိုင်ပါတယ်။ အာရေဗျပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ ဒီလိုအမည်တပ်ခေါ်ဝေါ်တဲ့စနစ် ကျင့်သုံးလာတာ မကြာသေးပါဘူး။ ညှိနှိုင်း ဆွေးနွေးမှုများမှ ရလာခဲ့တဲ့ ဒီအမည်တွေကို သုံးဖို့စောင့်နေခဲ့ရာမှာလဲ အားကောင်းတဲ့ မုန်တိုင်းတွေ သိပ်မဖြစ်တာကြောင့် ဖောဖောသီသီ မသုံးခဲ့နိုင်သေးပါဘူး။ ဒီနှစ်မှာတော့ ဒါပထမဆုံးပါပဲ။ မာလာ (MALA)တဲ့။ အင်္ဂလိပ်အက္ခရာ M ဆိုတော့ ရှေ့က L အထိ သုံးခဲ့ပြီးပြီဆိုတဲ့ သဘောပါပဲ။ မြန်မာနိုင်ငံအနေနဲ့တော့ အမည်အတပ်ခံထားရတဲ့ မုန်တိုင်းဖြတ်တာ ဒါပထမဆုံးပါပဲ။

အားကောင်းတဲ့ မုန်တိုင်းတစ်ခုရဲ့ အဖျက်အင်အားစုဟာ သုံးမျိုးရှိပါတယ်။ သွန်ချသလို မိုးရွာတတ်ခြင်း (Torrential rain)၊ အလွန်ပြင်းထန်တဲ့ လေတိုက်ခတ်တတ်ခြင်း (Violent winds)နဲ့ ပင်လယ်ပြင်မှ မုန်တိုင်းဒီရေများ(Storm surges) ကမ်းခြေဒေသများကို တက်ရောက်လာတတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ အများဆုံးပမာဏ အနေနဲ့ပြောရရင် မုန်တိုင်းတစ်လုံးဟာ ၂၄နာရီအတွင်း မိုးရေချိန် ၄၆လက်မအထိ ရွာသွန်းဖူးပါတယ်။ ဒါဟာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများရဲ့ တစ်နှစ်ပတ်လုံး ရွာသွန်းတဲ့ မိုးရေချိန်ပမာဏထက် ကျော်လွန်ပါတယ်။ တစ်နာရီမိုင် ၂၄၀ ကျော်အထိ လေပြင်းတိုက်ဖူးပါတယ်။ မီတာ ၃၀ လောက်အထိ မြင့်မားတဲ့ မုန်တိုင်း ဒီရေလှိုင်းကြီးတွေ ဖြစ်ဖူးပါတယ်။ ၁၉၇၀ပြည့်နှစ် နိုဝင်ဘာလ ၁၀ရက် ညအချိန်မှာ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်လို့ ၁၅မီတာလောက်ရှိတဲ့ မုန်တိုင်းဒီရေများ ဝင်ခဲ့တုန်းက လူပေါင်း သုံးသိန်းခွဲကျော်ဟာ တစ်ညတည်းမှာ သေဆုံးခဲ့ဖူးပါတယ်။ မာလာမုန်တိုင်းမှာလဲ ပျက်စီးမှု အတိုင်းအတာ အဲဒီလောက်မကြီးပေမယ့် အဲဒီအဖျက်အန္တရာယ်သုံးမျိုးလုံး တွေ့ခဲ့ရပါတယ်။

နောက်တစ်ခု မာလာနဲ့ပတ်သက်လို့ ကြုံခဲ့ရတာကလေးတစ်ခု ဆက်ပြောပြချင်ပါသေးတယ်။ ဧပြီလ ၂၈ရက်နေ့ ည၁၀နာရီ မိနစ်၂၀မှ ၁၀နာရီ ၂၃မိနစ်လောက်အထိ သုံးမိနစ်လောက်သာ ကြာမြင့်တဲ့ အချိန်လေးအတွင်း တစ်နာရီ မိုင် ၂၀၀ကျော်ခန့် ပြင်းထန်တဲ့ လေဆင်နှာမောင်းတစ်ခုဟာ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)၊ ရွှေလင်ဗန်း စက်မှုဇုန်(၂) လူနေရပ်ကွက်များဖြစ်ကြတဲ့ အမှတ်၁၅၊၁၉နဲ့ ၂၃တို့နှင့် အတူ ရွှေလင်ဗန်းရပ်ကွက်တွေမှာ ကျရောက်ခဲ့တာကြောင့် စက်ရုံ၊ အလုပ်ရုံ၊ လူနေအဆောက်အအုံ ၂၀၀ကျော် ထိခိုက် ပျက်စီးခဲ့ရပြီး လူတစ်ဦးသေဆုံးကာ ၂၁ဦး ဒဏ်ရာရခဲ့ပါတယ်။ ဒီလိုပြင်းထန်တဲ့ လေဆင်နှာမောင်းမျိုး ရန်ကုန်မြို့မှာ ကျရောက်ခြင်းဟာ ဒါဟာ ဒုတိယအကြိမ် ဖြစ်ပါတယ်။ ပထမအကြိမ်က ၁၉၅၇ ခုနှစ်ကပါ။ အဲဒီတုန်းက ရန်ကုန်မြို့ ကမ်းနားလမ်းဘက်မှာ ကျရောက်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ဒီလေဆင်နှာမောင်းဟာ မာလာမုန်တိုင်းရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ ဧပြီလ၂၈ရက်နေ့ ညအချိန်မှာ မာလာမုန်တိုင်းဟာ ပုသိမ်မြို့ရဲ့ အနောက်တောင်ဘက် မိုင် ၁၃၀အကွာ ရေပြင်မှာ ဗဟိုပြုနေခဲ့ပါတယ်။ ဒါပေမယ့် အရှေ့မြောက်ဘက်ကို တစ်နာရီ ခြောက်မိုင်နှုန်းလောက်နဲ့ တိုးဝင်လာနေတဲ့ အချင်းဝက် မိုင် ၂၀၀လောက်ရှိတဲ့ မုန်တိုင်းစက်ကွင်းကတော့ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းအထိ ရောက်နေခဲ့ပါပြီ။ ဒီအချိန် မှာဧရာဝတီနဲ့ ရခိုင်ကမ်းရိုးတန်းဒေသတွေမှာ လေပြင်း ဒဏ်ခံနေရပါပြီ။မုန်တိုင်းတွေရဲ့ ညာဘက်ခြမ်းဟာ အပြင်းထန်ဆုံး လေတွေတိုက်တတ်တဲ့ အခြမ်းဖြစ်လို့ အန္တရာယ်စက်ဝိုင်းခြမ်း(Dangerous semi-circle)လို့ ခေါ်ပါတယ်။ ၂၈ရက်နေ့ ညပိုင်းမှာ ရန်ကုန်မြို့ပေါ်မှာ လျှပ်စီးတွေတဝင်းဝင်း၊မိုးခြိမ်းသံတွေ တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ မိုးတိမ်တောင်တွေ တန်းစီဖြစ်နေခဲ့ပါတယ်။ အဲဒီတိမ်တောင်တွေဟာ မာလာမုန်တိုင်းရဲ့ ညာရှေ့ဘက်(right front) အပိုင်းမှာ အားကောင်းတဲ့ မုန်တိုင်းတွေမှာ ဖြစ်ပေါ်နေလေ့ရှိတဲ့ လေပုန်းရှေ့ပြေးတိမ်တန်း(Gustfront)အတွင်း ဖြစ်ပေါ်နေခဲ့တဲ့ တန်းစီ နေတဲ့ မိုးတိမ်တောင်တွေ ဖြစ်ပါတယ်။ မိုးတိမ်တောင် တွေဟာ မိုးလေဝသဖြစ်စဉ်များစွာကို ဖန်တီးဖြစ်ပေါ်စေတတ်ပါတယ်။ နေရာကွက်၍ မိုးကြီးခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီး ကြွေခြင်း၊ လေဆင်နှာမောင်း၊ရေဆင်နှာမောင်းဖြစ်စေခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း၊ လေပြင်းတိုက်ခတ် စေခြင်းစတာတွေ ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ မိုးတိမ်တောင်တွေကသာ ဖြစ်စေလေ့ရှိပါတယ်။ မိုးတိမ်တောင်ကဖြစ်တဲ့ လေပြင်းဟာ လေးမျိုးရှိပါတယ်။ မိုးသက်လေပြင်း (Gale or squall)၊ လေပုန်း (Gust)၊ စိုက်ဆင်းလေပြင်း (Downburst)နဲ့ လေဆင်နှာမောင်း(Tornado) တို့ ဖြစ်ကြပါတယ်။

အဲဒီစာရင်းထဲမှာပါတဲ့ လေဆင်နှာမောင်းဟာ လှိုင်သာယာမှာ ဖြစ်ခဲ့ကြောင်းပါ။ ကုန်းပေါ်ကို ရောက်လာတဲ့ မိုးတိမ်တောင်တွေဟာ အားပြည့်ခြင်းအဆင့် (mature stage)ကို ကျော်လွန် ပြီးတဲ့နောက် ပြိုကွဲပျောက်ပျက်သောအဆင့် (dissipating stage)ကို ကူးလာတဲ့အခါမှာ တိမ်အစိုင်အခဲကြီးဟာ တစ်စစီပြိုကွဲလာပါတယ်။ အဲဒီအထဲက အကျစ်လျစ်ဆုံး တိမ်အစိုင်အခဲဟာ လေဆင်နှာမောင်းဖြစ်သွားခဲ့ခြင်းဖြစ်ပါတယ်။

လေဆင်နှာမောင်းတွေဟာ အချင်းမီတာရာဂဏန်းမျှသာ ကျယ်ဝန်းတတ်ပြီး သွားရာလမ်းကြောင်းဟာ မုန်တိုင်းများလို အစီအစဉ်တကျ မရှိတတ်ပါဘူး။ မိုင်၂၀ကျော်ထက်ပိုပြီးလဲ မရွေ့လျားတတ်ကြပါဘူး။ သက်တမ်းဟာ နာရီပိုင်းမျှသာ ရှိတတ်ကြပါတယ်။ ဒါပေမယ့် ဗဟိုချက်မှာတော့ လေထုဖိအားဟာ မုန်တိုင်းထက်များစွာပိုပြီး အလွန်အမင်းကျဆင်းသွားတတ်ပါတယ်။ ဒါကြောင့် ဗဟိုချက်ကိုပတ်တိုက်တဲ့ လေတွေဟာ လေတိုက်နှုန်းတစ်နာရီ မိုင်၁၅၀ လောက်ကစပြီး တစ်နာရီမိုင်၆၀၀လောက်အထိ ပြင်းထန်တတ်ပါတယ်။ လေတိုက်ပုံကတော့ သတ်သတ်မှတ်မှတ်မရှိဘဲ နာရီလက်တံလှည့်တဲ့အတိုင်း တိုက်တတ်သလို ပြောင်းပြန်လဲ တိုက်တတ်ပါတယ်။ လေဆင်နှာမောင်းရဲ့ ထူးခြားချက်ကတော့ အဖျက်စွမ်းပကား အလွန် ကြီးမားခြင်းပါပဲ။ လေဆင်နှာမောင်းရဲ့ သွားရာလမ်းကြောင်းမှာ ကျရောက်တဲ့ ဘယ်အရာမဆို ပျက်စီးဆုံးရှုံးမှုဘေး ကြီးမားစွာ ကြုံတွေ့ကြရပါတယ်။ သစ်ပင်များအမြစ်ကျွတ် ပြိုလဲခြင်း၊ အဆောက်အအုံအမိုးများ စုတ်ပြတ်သွားခြင်း၊ အိမ်များပွင့်ထွက်သွားခြင်း၊ပစ္စည်းများလေတွင် လွင့်မျောစေခြင်း၊ လေဖြင့် စုပ်ယူခံရခြင်း၊ လိမ်ချိုးသကဲ့သို့ ခေါက်ကွေးပျက်စီးခြင်းစတာတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အမြတ်တွေရလိုက်တာ ရှိပါတယ်။ မာလာမုန်တိုင်းကို ငါးရက်လောက် ကြိုပြီး ကြေညာသတိပေးနိုင်ခဲ့တယ်။ ဖြတ်သန်းမယ့် နေရာ၊ အချိန်တို့ကို အနီးစပ်ဆုံး ခန့်မှန်းကြေညာပေးနိုင်ခဲ့တယ်။ သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအတွက် ဌာနပေါင်းစုံပူးပေါင်းမှု၊နယ်မြေဒေသခံတာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်။သတင်းအချက်အလက်များကို နောက်ဆုံးနှစ်ရက်ဖြစ်တဲ့ ဧပြီလ ၂၈ရက်နဲ့ ၂၉ရက်တွေမှာ နယ်/ဗဟိုနာရီမပြတ် ဖလှယ်ပေးနိုင်ခဲ့တယ်။ မြောက်မြားစွာသော ပြည်သူလူထု အလွှာမျိုးစုံတို့မှ သတိရှိမှုအပြည့်နဲ့ အရေးတယူစုံစမ်းမေးမြန်းမှုတွေကို နာရီမပြတ် လက်ခံရရှိခဲ့တယ်။ သတင်းမီဒီယာများရဲ့ပူးပေါင်းမှုကိုအပြည့်အဝရခဲ့တယ်။ အထူးသဖြင့် မြန်မာ့အသံ ရေဒီယိုဟာ ကျေးဇူးတင်စရာ အကောင်းဆုံးလို့ ကျေးဇူးစကား ဆိုချင်ပါတယ်။

ဒါတွေအားလုံးကို ခြုံကြည့်ရင် ဒီလောက် သမိုင်းတင်နိုင်တဲ့ အင်အားမျိုးနဲ့ ဒီလောက် လူနေထူထပ်တဲ့ ဒေသများအပါအဝင်နေရာမျိုးတွေကို ဝင်ရောက်ခဲ့ပါလျက်နဲ့ မရွှေ့မပြောင်းနိုင်လို့ ဆုံးရှုံးရတဲ့ အဆောက်အအုံနဲ့ ပစ္စည်းတွေကလွဲရင် ဒီမုန်တိုင်းကြီးကြောင့် သေကျေအသက်ဆုံးရှုံးရသူ နည်းပါးရခြင်းကိုကြည့်ရင် ဒီ"မာလာ"မုန်တိုင်းကြီးမှာဖြင့် ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဝိုင်းတော်သားတွေ ဘယ်လောက် တက်ညီလက်ညီ ရှိခဲ့ကြတယ်။ ကျွန်တော်တို့ မြန်မာတွေ သဘာဝဘေး ကာကွယ်ရေးမှာ ဘယ်လောက်အတွေ့အကြုံကောင်းတွေ ရှိတယ်ဆိုတာကို ကမ္ဘာ့အလယ်မှာ သက်သေပြသခွင့်ရတာကိုပဲ အဆိုးထဲက အကောင်းတစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားပါရစေတော့ခင်ဗျာ။ ။

ကိုယ်အလေးချိန် အတန်းလိုက်ရိုးရာလက်ဝှေ့ ပွဲစဉ်များထွက်ပေါ် တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံလုပွဲဖွင့်ပွဲ ယနေ့ကျင်းပမည်

ရန်ကုန် မေ ၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ကိုယ်အလေးချိန် အတန်းအလိုက် တံခွန်စိုက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် (ယနေ့) **မွန်းလွဲ ၁ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည် ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့အထူးပွဲ သုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။**

ကိုယ်အလေးချိန် အတန်းအလိုက် ချန်ပီယံများကိုချီးမြှင့်မည့် ရွှေခါးပတ်ဆုအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

ပွဲစဉ်ရေးဆွဲ

၂၀၀၆ ခုနှစ် ကိုယ်အလေးချိန် အတန်းအလိုက်တံခွန်စိုက် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ လုပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ရိုးရာလက်ဝှေ့ကျော်များအား ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန် ချိန်တွယ်ခြင်းကို ယနေ့ နံနက်ပိုင်းက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ပြုလုပ်သည်။ ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန် ချိန်တွယ်ခြင်းများ ပြုလုပ်အပြီးတွင် ကိုယ်အလေးချိန် အတန်းအလိုက် ရိုးရာလက်ဝှေ့ပွဲစဉ်များရေးဆွဲလိုက်ပြီဖြစ်သည်။

သတင်းဆောင်းပါး

ကိုထွေး

ပါဝင်ယှဉ်ပြိုင်မည်

၂၀၀၆ ခုနှစ် တံခွန်စိုက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ရိုးရာလက်ဝှေ့ကလပ်ပေါင်း ၁၅ ခုမှ ရိုးရာလက်ဝှေ့ကျော် ၅၁ ဦးပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် ရိုးရာလက်ဝှေ့ကလပ်များနှင့် အားကစားသမား အင်အားမှာ တောင်ကလေး ကလပ်မှ ခုနစ်ဦး၊ ဘိလပ်မြေစက်ရုံကလပ်မှ ကိုးဦး၊ K.L.N ကလပ်မှ ရှစ်ဦး၊ အလင်းရောင်ကလပ်မှ ငါးဦး၊ မြန်မာပြည်သားကလပ်မှ သုံးဦး၊ လယ်ယာ/ဆည်မြောင်းကလပ်မှ နှစ်ဦး၊ King Cobraကလပ်မှ လေးဦး၊ မြဝတီကျွဲမင်းကလပ်မှ သုံးဦး၊ ရွှေဒေါ်ပုံကလပ်မှ နှစ်ဦး၊ တွံတေးကလပ်မှ သုံးဦး၊ ၉၀၇ ဒေါနခြေလှမ်းသစ်ကလပ်မှ တစ်ဦး၊ နှစ်ရှည်ဥယျာဉ်ခြံကလပ်မှ တစ်ဦး၊ တိုက်ကြီးမြားနက်ကလပ်မှ တစ်ဦး၊ မလှိုင်(ပန်း)ကလပ်မှ တစ်ဦးနှင့် မရမ်းကုန်းကလပ်မှ တစ်ဦးတို့ဖြစ်ကြသည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်းတွင် ရှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကျော်ဆန်း(K. L. N)နှင့် လူလေးအောင်(တောင်ကလေး)၊ စောအုန်းမြင့်(မြွေဟောက်မင်း) နှင့် မိုက်ခဲ(ကျွဲမင်း)၊ ရွှေရခိုင်(ရွှေဒေါပုံ) နှင့် ဒေါနပန်း(ကျွဲမင်း)၊ ဘိလပ်မြေမောင်မောင် (ဘိလပ်မြေစက်ရုံ)နှင့် စောသဲမင်း(K. L. N)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။

လိုက်ဖလိုင်းဝိတ်တန်းတွင်လေးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များ မပါဝင်ဘဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် နေစိုးအောင် (တောင်ကလေး)နှင့် နိုင်ဝင်း (ဘိလပ်မြေစက်ရုံ)၊ စောသဲဝေ(တွံတေး)နှင့် မိုးသီး(မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။

ဖလိုင်းဝိတ်တန်းတွင် လေးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များ မပါဝင်ဘဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် အောင်မြင့်စိန် (တွံတေး)နှင့် ရွှေကျည်ဆံ(ဘိလပ်မြေစက်ရုံ)၊ ထစ်ချွန်း(K. L. N)နှင့် ဇာမဏီမင်း(မြွေဟောက်မင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။

ဘင်တန်ဝိတ်တန်း

ဘင်တန်ဝိတ်တန်းတွင် ခြောက်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သားရွှေသွေး (တောင်ကလေး) နှင့် ရွှေဖလား (K.L.N)၊ အသဲစွဲ (ဘိလပ်မြေစက်ရုံ) နှင့် လက်သီးမောင်မောင်(မြားနက်)၊ သိုးကောင်း(မြန်မာပြည်သား)နှင့်ဒေါနပန်း(ကျွဲမင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်း

မစ်ဒယ်ဝိတ်တန်းတွင် လေးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များ မပါဝင်ဘဲ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် စောသဲအေးနှင့် ဘိလပ်မြေစတား၊ စိန်သံမဏိနှင့် ဇာနည်ဆင်ရိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်တန်းတွင် နှစ်ဦးသာပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မေ ၂၁ ရက်တွင် ရွှေခါးပတ် ချန်ပီယံလုပွဲအဖြစ် ကျော်ငြိမ်း(ဘိလပ်မြေစက်ရုံ) နှင့် ဈာန်ထူး (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာပြည် တံခွန်စိုက်အလွတ်တန်းပြိုင်ပွဲတွင် နှစ်ဦးသာ ပါဝင်ယှဉ် ပြိုင်မည်ဖြစ်ရာ မေ ၂၁ ရက်တွင် ရွှေခါးပတ်ချန်ပီယံလုပွဲအဖြစ် လုံးချော (ညောင်တုန်း) နှင့် ရွှေဝါထွန်း(သထုံ) တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ဝယ်လ်တာဝိတ်တန်း

ဝယ်လ်တာဝိတ်တန်းတွင် ရှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကြီးအောင် (အလင်းရောင်)နှင့် စောဇော်လွင် (K.L.N)၊ ထွန်းထွန်း (၉၀၇ ဒေါနခြေလှမ်းသစ်) နှင့် မျိုးဆက်သစ် (လယ်ယာ/ ဆည်မြောင်း)၊ သူရရဲအောင် (မြန်မာပြည်သား) နှင့် ကောင်းစံ (ရွှေဒေါပုံ)၊ တာတိုးဝါး (ဘိလပ်မြေစက်ရုံ)နှင့် အာကာဟိန်း (အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း

လိုက်ဝယ်လ်တာဝိတ်တန်းတွင် ခုနစ်ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် မိုက်တိုင်စန် (အလင်းရောင်)နှင့် ဝီလျံသိန်း (ရန်ကုန်)၊ ကြယ်လင်းအောင် (တောင်ကလေး) နှင့် အောင်ဇေယျ (ဘိလပ်မြေ စက်ရုံ)၊ စောဖွဲ့လေး (K.L.N)နှင့် ဖိုးစိုး(အလင်းရောင်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။ နဂါးလေး(မြွေဟောက်မင်း) က ဘိုင်ရထားသဖြင့် အကြိုဗိုလ်လုပွဲတွင် စောဖွဲ့လေး (K.L.N)နှင့် ဖိုးစိုး (အလင်းရောင်)တို့ ပွဲစဉ်မှ အနိုင်ရသူနှင့်ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

လိုက်ဝိတ်တန်း

လိုက်ဝိတ်တန်းတွင် ခုနစ်ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် စောသဲမျိုး(K.L.N) နှင့် သမိန်ရာဇာ(မလှိုင်)၊ ဟိန်းညီညီ (အလင်းရောင်)နှင့် စစ်အောင်(ဘိလပ်မြေစက်ရုံ)၊ ရွှေနိုင်ထွန်း(မြွေဟောက်မင်း)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရမည် ဖြစ်သည်။ စောလူမင်း(တောင်ကလေး)ကဘိုင်ရထားသဖြင့် အကြိုဗိုလ်လုပွဲတွင် ရွှေနိုင်ထွန်း(မြွေဟောက်မင်း)နှင့်ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ရှုစားအားပေး

ပြိုင်ပွဲကို ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ ကွာတားဖိုင်နယ် ပွဲစဉ်များကို မေ ၆ရက်နှင့် ၇ရက်တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို မေ ၁၃ ရက်နှင့် ၁၄ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်များကို မေ ၂၁ ရက်တွင်လည်းကောင်း ကျင်းပမည် ဖြစ်သည်။ ဝင်ကြေးအဖြစ် ရိုးရိုးတန်းကျပ် ၂၅၀၀၊ အထူးတန်းကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Myanmar Towards Co.,Ltd. က အဓိကပံ့ပိုး ကူညီပေးသည်။ ဖွင့်ပွဲအပြီး ကျင်းပမည့် အထူးပွဲသုံးပွဲအပါအဝင် ပွဲစဉ်ပေါင်း ၄၅ ပွဲကို တဝကြီး ရှုစားအားပေးကြရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လှိုင်မြစ်ကျော်(ထန်းတပင်)ကေဘယ် ၂၃၀ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ချိန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၄

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လှိုင်မြစ်ကျော်(ထန်းတပင်) ကေဗွီ၂၃၀ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို မှော်ဘီမြို့နယ် ရွှေလှေကြီးဘက်ကမ်းနှင့်ထန်းတပင်မြို့နယ် ထန်းတပင်ဘက်ကမ်းအကြား လှိုင်မြစ်ပေါ်တွင် မေ ၈ရက်မှ ၁၂ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆နာရီ အတွင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

ဓာတ်အားကြိုးများကို ရေလယ်တွင်တန်းစီထားသော စီဘီတွဲနှင့် သဘော်များပေါ်မှ ကျော်ဖြတ်၍ သွယ်တန်းမည်ဖြစ်သဖြင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက်မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များမဖြတ်သန်းရန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည် ဖြစ်သည်။ အဆိုပါ ရေကြောင်းအတွင်းမှဖြတ်သန်းကြမည့် ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာရေကြောင်းတွင် ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မေ ၄

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် လမ်း၅၀(အောက်လမ်းသွယ်)ရှိ ဓမ္မမာမကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်မာလာစာရ (ဓမ္မာစရိယ)အရှင်သူမြတ်က မေ ၅ ရက်မှ ၇ရက်အထိ သစ္စာလေးပါးတရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ရထားကိုလေးခွဖြင့်ပစ်သူ ဖမ်းဆီးအရေးယူ

ရန်ကုန် မေ ၄

ဧပြီ ၂၃ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် ပျဉ်းမနားမှ တောင်တွင်းကြီးသို့ ထွက်ခွာလာသော အမှတ် ၁၀၃ အဆန် လူစီးလော်ကယ်ရထားသည် ည ၇နာရီမိနစ် ၂၀ တွင် အောင်မြေသာဘူတာအဝင် တံတားအမှတ်(၂၂၅) အရောက်၌ ရထားစက်ခေါင်းကို ညအမှောင်ထုထဲမှ လေးခွဖြင့်ပစ်သဖြင့် မီးရထားဝန်ထမ်း ဦးကိုကြီး၏ဝဲဘက်မျက်ခုံးကိုထိပြီး ပေါက်ပြဲဒဏ်ရာရရှိသွားခဲ့သည်။

စုံစမ်း ဖော်ထုတ်ချက်အရ လယ်ဝေးမြို့နယ် အောင်ပြေယာရွာနေ သန်းအောင် (၃၂နှစ်) (အဖ) ဦးထွန်းကြွယ်သည် တစ်ရွာတည်းနေ သန်းဇော် (၂၄နှစ်) (အဖ) ဦးအုံးကြိုင်နှင့်အတူ ယင်းနေ့ ညဘက်တွင် သစ်ပုတ်ပင်ရွာမှ ဘူတာဘက်အလာ ရထားဖြတ်သွားသည်ကို အရက်မူးလာသော သန်းအောင်က ရထားကို လေးခွဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ကြောပေါ်ပေါက်သဖြင့် ရထားအား အကြောင်းမဲ့လေးခွဖြင့်ပစ်သူ သန်းအောင်အား ထိရောက်သော ပြစ်ဒဏ်ရရှိရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်ဖောက်ခွဲရေးသမားများအား FTUB ပြည်သစ်ညွန့်ဝေတို့အဖွဲ့က စေလွှတ်ထား ဖောက်ခွဲရေးဖျက်ဆီးမှုမပြုလုပ်နိုင်ရေး ကြိုတင်ဖော်ထုတ် သတင်းပေးကြရန်နှိုးဆော်

နေပြည်တော် မေ ၄

အကြမ်းဖက်အဖျက်သမား ပြည်ပြေးများသည် နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန်၊ တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေရန်နှင့် အများပြည်သူများ ထိခိုက်သေကျေပျက်စီးဆုံးရှုံးစေရန်အတွက် ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များစေလွှတ်ကာ လူစည်ကားရာနေရာများ၊ ကူးသန်းသွားလာရာနေရာများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများတွင် ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ကြံစည်ကြိုးပမ်းလျက်ရှိကြောင်း သက်ဆိုင်ရာက သတင်းစာရှင်းလင်းပွဲများဖြင့်လည်းကောင်း၊ သတင်းများထုတ်ပြန်၍လည်းကောင်း ပြန်ကြား အသိပေးလျက်ရှိသည်။

အစားထိုးစေလွှတ်

မေ ၃ ရက်ကရရှိသော သတင်း တစ်ရပ်အရ FTUBအဖွဲ့မှ မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေ၊ NDD သိန်းဝင်း၊ မင်းဒင်နှင့် KNU တပ်မဟာ (၆) တပ်မဟာမှူးဟောင်း ရွှေဆိုင်းတို့ လေးဦးသည် ဧပြီ ၂၈ရက်ညပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ FTUBရုံး၌ လျှို့ဝှက်တွေ့ဆုံခဲ့ကြကြောင်း၊ ယင်းသို့ တွေ့ဆုံရာတွင် မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေက ၎င်းစေလွှတ်ထားသော ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့တစ်ဖွဲ့မှ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်တွင် ရောက်ရှိနေသည့် စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များ (BVSW)အဖွဲ့ဝင် ရဲသွေး(ခေါ်) အောင်ရဲသွေး(ခေါ်)သန်းမြင့်အောင်နှင့် ဗလကြီး (ခေါ်)မျိုးကြီးတို့နှစ်ဦးအား မေ ၂၁ရက် မတိုင်မီ မဲဆောက်သို့ ပြန်ခေါ်ရန်နှင့် ၎င်းတို့နေရာတွင် ဖောက်ခွဲဖျက်ဆီးရေးသမား နှစ်ဦးအစားထိုးစေလွှတ်မည် ဖြစ်ကြောင်း၊ ရဲသွေးနှင့် ဗလကြီးတို့ နှစ်ဦး ပြန်ရောက်လာလျှင် ၎င်းတို့အခေါ် ဒုက္ခသည်စခန်းသို့အမြန်ပို့ပြီး အမေရိကန်နိုင်ငံသို့ ထွက်ခွာခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရသည်။

ဖော်ထုတ်သတင်းပေး

ပြည်တွင်း၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ တစိုက်မတ်မတ် ကျူးလွန် လုပ်ဆောင်နေသည့် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(FTUB)အား မတရားအသင်းအဖြစ် လည်းကောင်း၊ FTUB နှင့် FTUB အတွင်းရေးမှူး မောင်မောင် (ခေါ်) ပြည်သစ်ညွန့်ဝေ အပါအဝင် FTUB အဖွဲ့ဝင်များအား အကြမ်းဖက်သမား (Terrorist)များအဖြစ်လည်းကောင်း နိုင်ငံတော်က တရားဝင် ကြေညာထားပြီး ဖြစ်သည်။ ယခုအခါ FTUBနှင့် အပေါင်းပါအကြမ်းဖက် အဖွဲ့များသည် မြေပေါ်နိုင်ငံရေးပါတီများ၏ ဆောင်ရွက်မှုများနှင့် အချိန်ကိုက်ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ၊ အဖျက်အမှောင့် လုပ်ရပ်များကို ကျူးလွန်ရန် ကြံစည်လျက်ရှိကြရာ အများပြည်သူများ ဘေးအန္တရာယ်မကျရောက်စေရေးအတွက် အကြမ်းဖက်အဖျက်သမားများ၏ စိမ့်ဝင်လှုပ်ရှားမှုများကို ဖော်ထုတ်သတင်းပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

ရွှေဆွဲကြိုးလုပြေးသူ ဖမ်းဆီးရမိ

ရန်ကုန် မေ ၄

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် စိန်ပန်းမြိုင်လမ်း တိုက် (F)အခန်း ၈နေ မအေးအေးဝင်း (၃၅ နှစ်)သည် မေ ၂ ရက် ည ၇ နာရီတွင် သမီးဖြစ်သူ သဇင်မိုးနှင့်အတူ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက်မှ ယုဇနပလာဇာနောက်ကျောလမ်းအတိုင်း လမ်းကိုဖြတ်ပြီး နေအိမ်သို့ပြန်ရန်အတွက် လမ်းမသိ၍ လူငယ်တစ်ဦးအား မေးမြန်းခဲ့ရာ အဆိုပါလူငယ်က ၎င်းကိုယ်တိုင် လိုက်ပို့ပေးမည်ဟု ခေါ်ဆောင်သွားသည်။ မလှမ်းမကမ်းအရောက်တွင် အဆိုပါလူငယ်က မအေးအေးဝင်း၏ လည်ပင်း၌ဆွဲထားသော ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးကို လုယူထွက်ပြေးသွားသဖြင့် မအေးအေးဝင်းက အော်ဟစ်အကူအညီတောင်းသောကြောင့် အော်ဟစ်သံကြောင့် အနီးဝန်းကျင်ရှိ ပြည်သူများနှင့် ယုဇနပလာဇာ၌ လုံခြုံရေးတာဝန်ကျနေသော ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးရာ တရားခံ ဇော်ဇော် (၁၉နှစ်) (အဖ)ဦးနီတွတ် ကညင်ပင်ကျေးရွာ သန်လျင်မြို့နယ်နေသူအား လုယူသွားသော သက်သေခံပစ္စည်း ရွှေဆွဲကြိုးနှင့်အတူ ထိုနေရာ၌ပင် ချက်ချင်းဖမ်းဆီးရမိခဲ့သည်။ ဆွဲကြိုးလုသူတရားခံ ဇော်ဇော်အား ထိရောက်ပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

မျှော်လင့်စောင့်စား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား နယ်သာလန်အသင်း၏ ပြင်ဆင်မှုအနေအထား

ဘာလင် မေ ၄

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးရင်ခုန်သံ တဖြည်းဖြည်း မြန်လာပြီးဖြစ်သည်။ ဇွန် ၉ရက်တွင် စတင်ကျင်းပတော့မည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်း ၃၂သင်းတို့လည်း အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့် ပြိုင်ပွဲဝင် ၃၂ အသင်း အနက် နယ်သာလန်အသင်း၏ ရပ်တည်မှုအနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်များ သိရှိစေရန်အတွက် Yangon Entertainment Ltd.မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကား၍ ဖော်ပြလိုက်ပါသည်။

နယ်သာလန်အသင်း

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် ဥရောပဇုန် အုပ်စု(က)မှ အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်မြင်လာသည့် အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲကို အံ့ဖွယ်ကစားကွက်ဗျူဟာများနှင့် လျင်မြန်မှု ပေါင်းစပ်ပြီး နောက်ဆုံးခရီးစဉ်ကို အောင်အောင်မြင်မြင် ဖြတ်သန်းမည့် အနေအထား ရှိနေပြီဖြစ်သည်။

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ၁၉၃၄ခုနှစ်မှစတင်က ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အသင်းဖြစ်ပြီး အမြင့်ဆုံး အောင်မြင်မှုမှာ ၁၉၇၄ခုနှစ်နှင့် ၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများ၌ ဒုတိယရရှိခဲ့ဖူးသော မှတ်တမ်းကောင်း ရှိနေသည်။ နယ်သာလန်တို့ ၁၉၇၄ခုနှစ်က ဒုတိယရရှိခဲ့ခြင်းသည် ဂျာမနီမြေပေါ်တွင်ဖြစ်သဖြင့် ဂျာမနီသည် နယ်သာလန်တို့အတွက် အောင်မြေပင်ဖြစ်သည်။

နယ်သာလန်နည်းပြ မာကိုဗန်ဘက်စတင်သည် နယ်သာလန်အသင်း၏ဂန္ထဝင်ဘောလုံးသမားကြီး ယိုဟန်ခရိုက်ဖ်လက်ထက်၌ အောင်မြင်ခဲ့သည့် Total Football ကစားပုံကို ပြန်လည်အသက်သွင်းပြီး ဗျူဟာခင်းကျင်းမည်ဖြစ်သည်။ ထို့ကြောင့် နယ်သာလန် လက်ရွေးစင်ဟောင်းများ၏နေရာတွင် ကက်စ်တင်လန်၊ ဟိုင်တင်ဂါ၊ ရော်ဘင်၊ ဒါကုချ် စသည့် လူငယ် လူသစ်များနှင့် အစားထိုးကစားစေမည်ဖြစ်သည်။

ကြိုးစားသွားမည်

စိတ်လှုပ်ရှားတိမ်းမှူးဖွယ်ရာကစားနည်းများဖြင့် တစ်ဖက်အသင်းများကို အနိုင်ယူသွားမည်ဖြစ်ပြီး စိတ်ဓာတ် တက်ကြွနေသည့် နယ်သာလန်အသင်း အောင်မြင်မှုများ တစ်ကျော့ပြန်ရရှိအောင် ကြိုးစားသွားမည်ဟု နယ်သာလန် နည်းပြ မာကိုဗန်ဘက်စတင်က ပြောကြားခဲ့သည်။

စောင့်ကြည့်ရမည့်ကစားသမား

နယ်သာလန်အသင်း၏အားထားရမည့် ဘောလုံးသမားမှာ တောင်ပံကစားသမား အာဂျန်ရော်ဘင်ပင်ဖြစ်သည်။ နာမည်ကျော်ပရီမီယာလိဂ်ချန်ပီယံ ချဲယ်လ်ဆီးအသင်း၏ အဓိက အားကစားသမားတစ်ဦးဖြစ်ပြီး ဥရောပ၌ အကောင်းဆုံးတောင်ပံကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။



တိုက်စစ်မှူး

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် နယ်သာလန်အသင်း၏ အားထားရမည့် ဘောလုံးသမား အာဂျန်ရော်ဘင်။

(ဓာတ်ပုံ– အင်တာနက်)

အတွေ့အကြုံနှင့် ခြေစွမ်းတဖြည်းဖြည်းရင့်ကျက် တိုးတက်လာပြီး တစ်ကိုယ်တော်ထိုးဖောက်မှု အားကောင်းသည့် ရော်ဘင်ကို ထိန်းချုပ်နိုင်မည့် နောက်တန်း ခံစစ်မှူးများ သိပ်မရှိချေ။ ကမ္ဘာ့ဖလားပွဲတွင် ရော်ဘင်၏ ခြေစွမ်းများ အမြင့်ဆုံး ပြသနိုင်မည် ဖြစ်သည်။ သေသပ်သည့် ဘောလုံးထိန်းသိမ်းမှု၊ ပြောင်မြောက်သည့် ဂိုးသွင်းချက်များနှင့် နယ်သာလန်အသင်းကို အောင်ပွဲရရန်မှာ ရော်ဘင်အပေါ်တွင် များစွာတည်မှီနေသည်။ ယခုကမ္ဘာ့ဖလား ဘောလုံးပွဲသည် ရော်ဘင်အတွက် ပထမဆုံး ကမ္ဘာ့ဖလားပွဲပင် ဖြစ်သည်။

ပွဲစဉ်များ

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလား အုပ်စု(ဂ)တွင် ပါဝင်ပြီး ဇွန် ၁၁ရက်တွင် ဆားဘီးယားနှင့် မွန်တီနီဂရိုး၊ ဇွန် ၁၆ရက်တွင် အိုင်ဗရီကို့စ်၊ ဇွန် ၂၁ရက်တွင် အာဂျင်တီးနားနှင့် ကစားရမည် ဖြစ်သည်။ နယ်သာလန်သည် အာဂျင်တီးနားနှင့်အတူ အုပ်စု(ဂ)တွင် အုပ်စုမှတက်ရန် ရေပန်းစားနေသည်။

နယ်သာလန်လက်ရွေးစင် အသင်း။

(ဓာတ်ပုံ–အင်တာနက်)

စုစည်းမှုအားကောင်း

နယ်သာလန်အသင်းသည် သမိုင်းမှတ်တမ်းအရလျှော့တွက်၍ မရသည့် အသင်းဖြစ်ရာ၊ အသင်းလိုက် ကစားပုံတွင် မည်သည့်အသင်းမျှ မယှဉ်နိုင်သည့်အနေအထားရှိနေသည်။ လူငယ်များဖြင့် အခြေပြု ဖွဲ့စည်းထားပြီး အသင်းစုစည်းမှုလည်း အားကောင်းနေသည့် အသင်းဖြစ်သည်။

ထို့ကြောင့် နယ်သာလန်အသင်း၏ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့် ဗိုလ်လုပွဲများတွင် ခြေစွမ်းပြကစားမည့် အနေအထားကို စောင့်ကြည့် အကဲခတ်ရပေတော့မည်။ ။

(အင်တာနက်)

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

လာလီဂါဖလား ဘာစီလိုနာဆွတ်ခူးပြီ

ဗီရို မေ ၄

စပိန်လာလီဂါပွဲစဉ်(၃၆) ကစားပြီးချိန်တွင် ဘာစီလိုနာအသင်းက ဆီလ်တာဗီဂိုအသင်းကို အဝေးကွင်း၌တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ရာ ယခုနှစ် လာလီဂါချန်ပီယံဖလားကို ဘာစီလိုနာတို့ ဆွတ်ခူးရရှိသွားခဲ့ပြီဖြစ်သည်။

ဘာစီလိုနာတို့ ယခုပွဲအနိုင်ရရှိလျှင် လာလီဂါဖလားရရှိမည်ဖြစ်ရာ ပွဲအစမှာပင် ဖိဖိစီးစီးကစားခဲ့သည်။ ရော်နယ်ဒင်ဟို ဦးဆောင်သော ဘာစီလိုနာတို့ ဆီလ်တာဗီဂိုအသင်းကို ကွင်းလယ်ကစားကွက် အသာစီးယူပြီး ကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း အနိုင်ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်း ၅၅မိနစ်ရောက်မှသာ အီတူးကတစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့အနိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး ဖလားရရှိခဲ့ခြင်းဖြစ်သည်။ ယခုဂိုးသည် ယခုနှစ်ဘောလုံးရာသီတွင် အီတူးအတွက် ၂၅ဂိုးမြောက်သွင်းဂိုးဖြစ်ပြီး လာလီဂါဖလားရရှိစေခဲ့သည့် သွင်းဂိုးလည်း ဖြစ်သည်။

အခြားပွဲရလဒ်များ

အဲလ်ဗက်	၂ – ၀	ရီးယဲဘက်တစ်
အက်စ်ပန်းညို	၁ – ၂	ဒီပို့တီဗို
အက်လက်တစ်	၁ – ၀	ရီးယဲဇာရာဂိုဇာ
အက်ဖ်စီစီဗီလာ	၃ – ၀	ဂီတာဖေး
အက်လက်တီကို	၀ – ၁	အိုဆာဇူနာ
မာလော့ကာ	၂ – ၁	ဗလင်စီယာ

(အင်တာနက်)

ဘော်လ်တန်နှင့် မစ်ဒယ်ဘာရော့တို့ သရေပွဲဖြစ်

လန်ဒန် မေ ၄

ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် ဘော်လ်တန်နှင့် မစ်ဒယ်ဘာရော့တို့ မေ ၃ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ မစ်ဒယ်ဘာရော့အတွက် အဖွင့်ဂိုးကို ၄၇မိနစ်တွင် ဂျွန်ဆင်က သွင်းယူခဲ့ပြီး ဘော်လ်တန်အတွက်ချေပဂိုးကို ၅၁မိနစ်တွင် ရီကာဒိုဗက်တီက သွင်းယူပေးခဲ့သည်။ ယခုပွဲသရေဖြစ်ခဲ့သဖြင့် မစ်ဒယ်ဘာရော့တို့ အဆင့် ၁၃နေရာရှိနေပြီး ဘော်လ်တန်က အဆင့်ရှစ်နေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေဖြည့်ထည့်ထားသော ဖန်လုံးတစ်ခုတွင် ခုနစ်ရက်ကြာ နေထိုင်ခဲ့သူ

ရေဖြည့်ထည့်ထားသော ဖန်လုံးတစ်ခုတွင် ခုနစ်ရက်ကြာ နေထိုင်သူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

နယူးယောက်မြို့လယ်တွင် ဒေးဗစ်ဘလိန်းအမည်ရှိ အမေရိကန်နိုင်ငံသားတစ်ဦးက ရေဖြည့်ထည့်ထားသော ဖန်လုံးကြီးတစ်ခုအတွင်း ခုနစ်ရက်ကြာ နေထိုင်ပြသခဲ့ကြောင်း၊ ၎င်းသည် နိုင်ငံတကာမှ ထူးခြားစွမ်းရည်ပြသူတစ်ဦးဖြစ်ပြီး အခြားထူးခြားဖွယ်ရာ စွမ်းရည်အမျိုးမျိုးကို ပြသခဲ့သူတစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

စက်ဘီးကို ပါးစပ်ဖြင့်ကိုက်၍ မပြသူ

စက်ဘီးတစ်စီး၏ နောက်ထိုင်ခုံအား ပါးစပ်ဖြင့် ကိုက်၍ မပြသူတစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် လောယန်မြို့တွင် တရုတ်အမျိုးသားကြီးတစ်ဦးက မြေပြင်၌ ထောင်ထားသော လျှပ်စစ်မီးလုံးသုံးလုံးပေါ်၌ မတ်တပ်ရပ်ကာ စက်ဘီးတစ်စီး၏ နောက်ထိုင်ခုံကို ပါးစပ်ဖြင့်ကိုက်၍ လေထဲတွင်အချိန်အတန်ကြာ မပြခဲ့ကြောင်း သိရသည်။ ၎င်း၏စွမ်းရည် ပြသမှုကို ပရိသတ်များစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြ သည်။

(အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဌာကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ဒေါ်ခိုင်ဇော်(President, Earth Industrial Co.,Ltd.)က အမေရိကန်ဒေါ်လာ ၁၀၀၀တန်ဖိုးရှိ Solar Systemနှင့် UPS တစ်စုံကိုလည်းကောင်း၊ ဦးမြတ်သင်းအောင်နှင့် သီရိသုခမ္မသီဂီ လူမှုထူးချွန်ပထမဆင့် ဒေါ်ခင်မြင့်မြင့်(အောင်အောင်ကုမ္ပဏီစု)မိသားစုက ငွေကျပ်၁၇၇၄၀၀ တန်ဖိုးရှိ Star အမျိုးအစား Hot & Cold Water Dispenser တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေးတို့က လက်ခံကြပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အမည်ဖြည့်စွက်ခြင်း

မလှလှသိန်း ၁၄/ကခန(နိုင်) ဝ၆၁၃၅၃အား မလှလှသိန်း(ခ) မယွန်းသခင်ဟုဖြည့်စွက် ခေါ်ပါရန်။

မလှလှသိန်း(ခ)ယွန်းသခင်။



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပျဉ်းမနားမြို့နေ ဗိုလ်မှူးကြီးသန်းညိန်း(ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့်ဒေါ်ခင်သွယ်သွယ်မြင့်(ဒုတိယညွှန်ကြားရေးမှူး၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏သားကြီး

ဗိုလ်ကြီးနိုင်ညိန်း

M.B.,B.S (D.S.M.A) M.Med Sc (Ophth) Part II

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)နှင့်ဒေါ်အုန်းမြင့်(အထပြ၊ငြိမ်း)တို့၏သမီးထွေး

ဒေါက်တာခိုင်သူဇာဝင်း

M.B.,B.S (Ygn), M.Med Sc (Ophth) Part II

တို့သည် ၁–၅–၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးနိုင်ညိန်း–ဒေါက်တာခိုင်သူဇာဝင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊အမှတ် ၁၆၊ မြသီရိလမ်းသွယ်၊ A1 ခြံနေ ဦးစောမြင့်–ဒေါ်လှမိုတို့၏သားကြီး

မောင်ကျော်ထွန်းမြင့် **(Mandalay Enterprices, Inc.)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၀၁၊ အနောက်ရွှေဂုံတိုင်အုတ်လမ်းနေ ဦးစိုးမြင့်–ဒေါ်သင်းသင်းဝေတို့၏သမီးကြီး

မလတ်လတ်နိုင် **(Multi King Co., Ltd.)**

တို့သည် ၁–၅–၂၀၀၆ရက်တွင် ကရဝိက်နန်းတော် ရွှေဝါမင်္ဂလာခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုး၊မိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ထွန်းမြင့်–မလတ်လတ်နိုင်။

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း၊ အမှတ် ၁၁၁၊ အပေါ်ထပ်နေ ဒေါ်သန်းကြည် ၁၂/ဗတထ(နိုင်)၀၂၀၃၅သို့ ၆–၄–၂၀၀၄ရက်က လွှဲအပ်ထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P)အမှတ် ၁၉၀၂/၂၀၀၄ကို ဦးကျော့မောင်မောင် ၁၂/မဘန(နိုင်)၁၀၉၅၈၃က ၂၆–၄–၂၀၀၆ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်သိန်းလှိုင်၊ တရားရုံးချုပ်ရှေ့နေ (၅၁၅၃)၊ အမှတ် ၈၃/၁၄ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။



ပုသိမ်အထက(၃) [ယခင် ABM,BBM'] တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရန်

ဖိတ်ကြားနှိုးဆော်လွှာ

ပုသိမ်မြို့ အထက(၃) [ယခင်ABM,BBM']တွင် ၁၉၈၅ခုနှစ်အထိ ပညာသင်ယူခဲ့ကြသောကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

နေ့ရက် – ၂၁–၅–၂၀၀၆ရက်(တနင်္ဂနွေနေ့)
အချိန် – မွန်းလွဲ(၂:၀၀)နာရီ
နေရာ – အထက(၃) ပုသိမ်မြို့

ဆက်သွယ်ရန်

၁။ ဦးကျော်ကျော်ဝင်း ဖုန်း–၀၉–၅၀၀၆၁၂၈
၂။ ဦးနိုဝယ်လင်း ဖုန်း–၀၉–၅၀၀၃၇၀၉
၃။ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း–၃၇၉၂၅၈
၄။ ဦးဝင်းချို(ယင်းမာဓာတ်ပုံတိုက်၊ပုသိမ်) ဖုန်း–၀၄၂–၂၂၆၇၉
၅။ ဆရာမဒေါ်ခင်ငြိမ်းအေး ဖုန်း–၀၄၂–၂၁၁၅၄

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကွန်ပျူတာ(စာစီစာရိုက်ကျွမ်းကျင်သူ) မ (၂)ဦး
Microsoft Excel/Page Maker
၂။ Telephone Operator မ (၂)ဦး
၃။ အရောင်းစာရေး မ (၅)ဦး
(က) ရုပ်ရည်သန့်ပြန့်ပြီး အသက်(၁၆နှစ်မှ ၂၅နှစ်ကြား) ရှိရမည်။
(ခ) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး တစ်နှစ်ရှိရမည်။
(ဂ) အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ (သို့မဟုတ်) ဝိဇ္ဇာတွဲဘာသာ အဝေးသင်ဘွဲ့ရပြီးသူများ ဦးစားပေးမည်။
၄။ အထွေထွေလုပ်သား ကျား(၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။
အသက်(၁၈နှစ်မှ ၂၅နှစ်ကြား)ဖြစ်ရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

Optical Palace Co.,Ltd.

အမှတ် ၄၁၆၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၂၄၃၂၁၄

ဖခင်အမည်မှန်

အထက(၃)မြောက်ဒဂုံ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုးလွင်ဖြစ်ပါကြောင်း။

ဦးဇော်မိုးလွင်။

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ(ဦးညီပု)၏သမီး ဒေါ်ဟာဘီဘာညီ မှတ်ပုံတင်အမှတ် ၉/လဝန(နိုင်)၀၃၂၃၉၂အား ယနေ့မှစ၍ မရီရီအေးဟု ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ဟာဘီဘာညီ(ခ)ရီရီအေး။

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်

တောင်ကြီး မေ ၂၆

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များသည် ဧပြီ၆ရက် နံနက်၇နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိကျောင်းသို့ရောက်ရှိပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော်နှင့်သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် ဧပြီ ၅ ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြုနယ်လှည့်မွေကထိက ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင်မြို့နေ ဦးရန်အောင်၊ ဒေါ်ရှမ်းမ၊ ညီမ ဒေါ်ကျင်ငွေ (အောင်သွေးဆေးစတိုး)မိသားစုက ငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် သိမ်တောင်ကျောင်းခမ္မာရုံ၌ သီလရှင်၇၂ပါး ရွတ်ပွားပူဇော်သော မေတ္တာသုတ်၊ ရတနသုတ်တော်များကို နာကြားပူဇော်ပြီး သီလရှင်များအား ဆန်နှင့်အခြား လှူဖွယ်ပစ္စည်းမျိုးစုံဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

လှူဒါန်း

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဆန်ခြောက်အိတ်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ စာရေးကိရိယာ၊ ဆေးနှင့်အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

ပုသိမ်မြို့ ကမ်းနားလမ်း အပိုင်း(၂) ကွန်ကရစ် ကတ္တရာလမ်းသစ်ဖွင့်

ပုသိမ် မေ ၂၀

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကမ်းနားလမ်း အပိုင်း(၂) ကွန်ကရစ် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၂၅ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်နှင့်တိုင်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် ကမ်းနားလမ်း အပိုင်း(၂) ကွန်ကရစ် ကတ္တရာလမ်းသစ်ကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

(မြို့နယ်စည်ပင်)

တမူးမြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

တမူး မေ ၁၅

တမူးခရိုင် တမူး မြို့မရပ်ကွက် ဘိုးသီလနန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၅ ရက်က အဆိုပါ လမ်းသစ်ထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်သူရ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်နှင့် လမ်းကော်မတီဝင် ဦးလှသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးတွင် ဧပြီ ၃ ရက်က လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပရာ တိုင်း အလုပ်အမှုဆောင် ဦးသိန်းထွန်းက အမှာစကား ပြောကြားစဉ်။ (၁၆၂)

တပ်ကုန်းမြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်၊ ရည်ရွယ်ချက်ရှင်းလင်း

တပ်ကုန်း မေ ၂

နေပြည်တော်မြို့တော် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၆ရက် နံနက် ၈ နာရီက တပ်ကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်နီနီအေး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးနှင့် ကျေးရွာများမှ အသင်းဝင် သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

သင်တန်းဖွင့်ပွဲတွင် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် (နယ်မြေတာဝန်ခံ) ဦးခင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး (သင်တန်းမှူး) ဦးဖေအုံမောင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုများ ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည်။ **(၂၆၆)**

ကောလင်းမြို့နယ်ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်

ကောလင်း မေ ၁၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဧပြီ ၂ ရက်က မြို့နယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းက ပြိုင်ပွဲအစီအစဉ်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းဖွင့်ပွဲအဖြစ် အားမြေစိုက်ပြန်အသင်းနှင့် အထက(၂) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၂)အသင်းက ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(၀၂၆)**

ကျောက်ပန်းတောင်း၌ သက်ကြီးပူဇော်

ကျောက်ပန်းတောင်း မေ ၂၅

ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သတ္တမအကြိမ်မြောက် သက်ကြီး ပူဇော်ပွဲကို ဧပြီ ၁၇ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နယ်မြေတာဝန်ခံနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက အဘိုး အဘွားများအား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ဂါရဝပြု ကန်တော့ကြသည်။ **(၀၆၁)**

ဟားခါးမြို့၌ နွေရာသီလူငယ်သင်တန်းပေါင်းစုံဖွင့်

ဟားခါး မေ ၁၀

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နွေရာသီလူငယ်သင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဖာရ်ထိုင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်ကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသူကျောင်းသားများ၏ လေ့ကျင့်သင်ယူမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းတွင် ကျောင်းသူကျောင်းသား ၅၂၅ဦးတက်ရောက်သင်ယူကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ဖြစ်သည်။ ဘာသာရပ်များအဖြစ် ကွန်ပျူတာ၊ ပန်းချီ၊ ပန်းဖွား၊ ဘင်ခရာ၊ ပလွေ၊ အေရိုးဗစ်၊ ကြက်ခြေနီ၊ မီးသတ်ဘာသာရပ်နှင့် အားကစားဘာသာရပ်တွင် ကရာတေး၊ ပင်ပေါင်၊ ပိုက်ကျော်ခြင်းကစားနည်း ဘာသာရပ်များ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်

ပျဉ်းမနား မေ ၅

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ကြီးကြပ်၍ ပျဉ်းမနားမြို့တွင်းလမ်းများတွင် ယာဉ်အဝင်အထွက်လမ်းများ တစ်လမ်းသွားလမ်းများအဖြစ် သတ်မှတ်၍ မတ် ၂၀ရက်ကစတင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ထိန်းသိမ်းကြီးကြပ်ကြသည်။

ထို့နောက် လမ်းမကြီးများ ဝဲယာတို့တွင် ယာဉ်ငယ်၊ ယာဉ်ကြီးများ စည်းကမ်းမဲ့ရပ်နားမှုများအတွက် ယာဉ်ရပ်နားနေရာများ သတ်မှတ်၍ ရပ်နားစေပြီး ကုန်တင်ယာဉ်ကြီးများ ဝန်ပိုတင်ဆောင်ခြင်းများကို ကြပ်မတ်ဆောင်ရွက်ပေးကြသည်။ **(၀၉၉)**

မိုးညှင်း၌ ခြံစည်းရိုးကြက်ဆူပင်ကိုင်းပွားများ မျိုးပွားနည်းသရုပ်ပြ

မိုးညှင်း မေ ၁

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်မှ ကိုင်းပွားများအား သားတက်မျိုးပွားနည်း သရုပ်ပြရှင်းလင်းပွဲကို ဧပြီ၂၅ရက် နံနက် ၈နာရီက အဆိုပါ ဥယျာဉ်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ဦးစိန်ထွန်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် (၂)ဦးစိန်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် မြို့နယ်သစ်တော ဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းတို့က ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်မှ ကိုင်းပွားများ သားတက်မျိုးပွားခြင်းဖြင့် ပျိုးပင်များ လျင်မြန်ရှင်သန်ပွားများနိုင်ကြောင်း ရှင်းလင်းပြောကြား၍ ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းများ သားတက်မျိုးပွားရန် ဆောင်ရွက်နည်းကို လက်တွေ့ပြသကြကြောင်း သိရသည်။ **(ဝဲပုံ)** **(၁၅၂)**

ဂုဏ်ပြုလွှာပေးအပ်

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ရှမ်းကုန်းလမ်း အမှတ်(၉၁၃)နေ ဒေါ်စန်း၊ ဒေါက်တာဝင်းဖေ၊ ဒေါ်မြင့်ရီမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်နှင့်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ မြင်းမူမြို့၌ ကျင်းပ

မြင်းမူ ဧပြီ ၃၀

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ၂၃ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် သာယာပေါင်းကျေးရွာ သန္တိသုခဓမ္မာရုံ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ရေတို၊ ရေရှည်လုပ်ငန်းများကိုလည်းကောင်း၊ စာကြည့်တိုက်ပညာရပ်များနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်လက်ထောက်အဆင့်(၃)ဦးမြင့်နိုင်စိုးက စာအုပ်များ ပညာရပ်လိုက်ခွဲခြားမှု၊ ထားသိုမှုနှင့် စာရင်းရေးသွင်းမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဖြေကြားပြီး သာယာပေါင်းကျေးရွာ ယမုံနာစာကြည့်တိုက်တွင် စာအုပ်များ စနစ်တကျထားသိုမှု၊ စာရင်းနည်းစနစ်မှန်ကန်စွာ ရေးသွင်းမှုများကို လက်တွေ့ ပြသပေးကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မင်းကင်းမြို့၌ တီဘီရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

မင်းကင်း ဧပြီ ၅

ကမ္ဘာ့တီဘီ ရောဂါတိုက်ဖျက်ရေးနေ့နှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ဟောပြောပွဲကို မတ် ၂၄ ရက်က မင်းကင်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးမြင့်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းကို ဖတ်ကြားပြီး တီဘီရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဆန်းဝင်းက ကြက်ငှက် တုပ်ကွေးရောဂါနှင့် ပတ်သက်၍ မြို့နယ်အတွင်း ပညာပေးဟောပြော ရှင်းလင်းပြီး ဒေါက်တာ အောင်ကျော်စိုးက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကုသမှု ဆိုင်ရာများ ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၆-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

- ၀၉:၄၅ အာဆီယံအစီအစဉ်
- ၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မန္တလေးတိုင်းစိုက်ပျိုးရေရရှိရေး)
- ၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)ကျန်းမာသန့်ရှင်းရောဂါကင်း (ခေါင်းကြီး) (၂)ဖူးပွင့်လာမည့် ပန်းကလေးများ (ဆောင်းပါး)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဆရာဦးသိန်းလွင်)

ညနေပိုင်း

- ၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ် (ရခိုင်ပြည်နယ်မှ ဦးစန်းလွင်နှင့် ရှမ်းပြည်နယ်မှ ဦးအောင်အောင်တို့၏ ခေတ်ဟောင်း ကာလပေါ်တေး)
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် လမ်းမှန်မှန်လျှောက် ရောဂါပျောက်-ယံယံနှင်းဆီ)
- ၁၈:၄၅ လုပသာယာအိမ်ဂေဟာ (ဒို့အိမ်ကလေးလှပဖို့ မွမ်းမံပြင်ဆင်ခြယ်သစို့)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး ချိုကြည်သာ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဂန္ဓဝင် သုံးဖော်)
- ၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

ပညာ့အမွေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် သုတရသစာအုပ်မျိုးစုံနှင့်ရေဒီယိုပေးအပ်လှူဒါန်း

နမ့်လန် ဧပြီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်လန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော မြို့လယ်ရပ်ကွက် ပညာ့အမွေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကိုဧပြီ ၈ရက် နံနက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်နှင့် မြို့လယ်ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုင်းရွှေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ပညာ့အမွေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသစာအုပ်မျိုးစုံအုပ် ၅၀၊ ဦးမြင့်လွင်-ဒေါ်ခင်စန်းဝေမိသားစုက ရွှေသွေးဂျာနယ်အစောင် ၂၀၊ ဦးစိုင်းကျော်မျိုးဦးက စာအုပ်မျိုးစုံ ၂၅ အုပ်၊ ကိုအောင်ကိုဦးက စာအုပ်မျိုးစုံ ၁၇အုပ်၊ ဂျိုကာစာပေ မိသားစုက စာအုပ်မျိုးစုံ အုပ် ၅၀၊ ကိုကျော်လွင်ဦးက စာအုပ်လေးအုပ်နှင့် ကျောက်မဲမြို့ ဦးညွန့်မောင်-ဒေါ်နက်ဂုတ် မိသားစုက ရေဒီယိုတစ်လုံးနှင့် ဒို့ကျေးရွာဂျာနယ် ၁၂ စောင်တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆံကေသာအလှနှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်

မကွေး မေ ၂

မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဆံကေသာအလှပြိုင်ပွဲနှင့် ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၂၇ ရက်က မကွေးမြို့ အထက(၁)ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေနံချောင်း၊ ချောက်၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီးနှင့် မကွေးမြို့နယ်တို့မှ ပြိုင်ပွဲဝင် အမျိုးသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်က အမှာစကားပြောကြားပြီး ဆံကေသာအလှပြိုင်ပွဲဆုရသူများကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်ကလည်းကောင်း၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုရသူများကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်ကလည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ အစဉ်ကောင်းမွန်ရေးအတွက် ဧပြီ၂၁ရက်က ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

စက်မှုလုပ်ငန်းရှင်များ တတ်ကျွမ်းထားသည့် ပညာများအမြင်ချင်းဖလှယ် စက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးမြို့နယ် ကြို့သုံးပင်ကျေးရွာအုပ်စုရှိ ကလေးမြို့ စက်မှုဇုန် ကုန်ထုတ်ပစ္စည်းပြခန်းတွင် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၄

စစ်ကိုင်းတိုင်း ကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကလေးမြို့ စက်မှုဇုန်ကြီးကြပ်မှုကော်မတီနာယကများဖြစ်ကြသော စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁ ရက်နံနက် ၆ နာရီခွဲတွင် ကလေးမြို့နယ် ကြို့သုံးပင်ကျေးရွာအုပ်စုရှိ ကလေးမြို့ စက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က စက်မှုဇုန် ဖွဲ့စည်းတည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ရွှေက စက်မှုဇုန် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စက်မှုဇုန်များကို စာမျက်နှာ ၉ ကော်လံ ၁ ✡

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ကော့သောင်းခရိုင် ယုဇနကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းဖော်သုတ်စခန်း၌ ဆီအုန်းသီးခိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်း၌ စားသုံးဆီသန့်စက်များ တည်ဆောက်၍ ဆီအုန်းဆီကြမ်းမှ စားသုံးဆီသန့်များနှင့် စက်မှုလုပ်ငန်းသုံး ဆီကြမ်းများထုတ်လုပ်

ရန်ကုန် မေ ၄

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မေ ၁ ရက် နံနက် ၇ နာရီက ကော့သောင်းတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး၊ မိသားစုဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၅ ရက်) ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း **ဆောင်းပါးအညွှန်း**



❒ မာလာမုန်တိုင်းကို ငါးရက်လောက်ကြိုပြီး ကြေညာသတိပေးနိုင်ခဲ့တယ်။ ဖြတ်သန်းမယ့်နေရာ၊ အချိန်တို့ကို အနီးစပ်ဆုံး ခန့်မှန်းကြေညာပေးနိုင်ခဲ့တယ်။ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်းမှု၊ နယ်မြေဒေသခံ တာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်။ သတင်းအချက်အလက်များကို နောက်ဆုံးနှစ်ရက်ဖြစ်တဲ့ ဧပြီလ ၂၈ရက်နဲ့ ၂၉ရက်တွေမှာ နယ်/ဗဟိုနာရီမပြတ် ဖလှယ်ပေးနိုင်ခဲ့တယ်။ မြောက်မြားစွာသော ပြည်သူလူထု အလွှာမျိုးစုံတို့မှ သတိရှိမှုအပြည့်နဲ့ အရေးတယူ စုံစမ်းမေးမြန်းမှုတွေကို နာရီမပြတ်လက်ခံရရှိခဲ့တယ်။ သတင်းမီဒီယာများရဲ့ပူးပေါင်းမှုကို အပြည့်အဝရခဲ့တယ်။ အထူးသဖြင့် မြန်မာ့အသံရေဒီယိုဟာ ကျေးဇူးတင်စရာ အကောင်းဆုံးလို့ ကျေးဇူးစကားဆိုချင်ပါတယ်။

မောင်ထွန်းလွင်(မိုးလေဝသ)၏ "မာလာ"မုန်တိုင်းကို ရင်ဆိုင်ကျော်လွှားခြင်း (စာ ၁၀-၁၁)

SNLD ပါတီသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေပြီး ပြည်ထောင်စုပြိုကွဲစေရန် လုပ်ဆောင်နေသည့် အသွင်ရောက်ရှိနေ တိုင်းရင်းသားညီအစ်ကိုများနှင့်ပူးပေါင်း၍ နယ်မြေတိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လိုသည့်အတွက် SNLD ပါတီမှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှ ဦးစိုင်းထွန်းကြည် (ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဈေးရပ်၊ နောင်ချိုမြို့)၊ဦးမောင်ပု (အဖွဲ့ဝင်၊ သပြေကုန်းရွာ၊ နောင်ချိုမြို့နယ်)၊ ဦးစိုးဝင်း(အဖွဲ့ဝင်၊ ဘန့်ဘွေးရွာ၊ နောင်ချိုမြို့နယ်)၊ ဦးလှမောင်(အဖွဲ့ဝင်၊ အုမ္မသီးရွာ၊ နောင်ချိုမြို့နယ်)၊ ဦးညွန့်ဖေ(အဖွဲ့ဝင်၊ ပင်တီးရွာ၊ နောင်ချိုမြို့နယ်)၊ ဦးစိုင်းဟန်စိန်(အဖွဲ့ဝင်၊ ပင်တီးရွာ၊ နောင်ချိုမြို့နယ်)၊ ဦးတင်ဝင်း(အဖွဲ့ဝင်၊ နယ်မြေ-၂၊ ပန်ဟတ်ရပ်၊ နောင်ချို မြို့)၊ ဦးစန္ဒာ(အဖွဲ့ဝင်၊ ဘူတာရပ်၊ နောင်ချိုမြို့)နှင့် ဦးစိုင်းတင်လှ(ခ) ဦးစိုင်းလှတင်(အဖွဲ့ဝင်၊ ခဲထိပ်ကျေးရွာ၊ နောင်ချိုမြို့နယ်)တို့ ကိုးဦးသည် ၎င်းတို့ကိုယ်တိုင်၏ သဘောဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုး၍ မေ ၁ ရက်တွင် နောင်ချိုမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်း သိရှိရသည်။ စာမျက်နှာ ၉ ကော်လံ ၅ ●